# ကဗျာရေးချင်
# တစပ်သင်

မင်းသုဝဏ်

မင်းသုဝဏ်

၏

# ကဗျာရေးချင် စာစပ်သင်

နှင့်

ဇော်ဂျီ

၏

မိတ်ဆက်အမှာစာ

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

ပဌမနှိပ်ခြင်း၊ ၁၉၆၅

ဒုတိယပုံနှိပ်ခြင်း၊ ၁၉၆၈၊ (၂၅,၀၀၀)

ရန်ကုန်မြို့၊ ၅၂၉–၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူးဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀)က
တာဝန်ခံ ထုတ်ဝေသည်။

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ
ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်တွင် အတွင်းရေးမှူး(အုပ်ချုပ်ရေးအရာရှိချုပ်)
ဦးလှမောင် M.A., M.S., B.L. (မှတ်ပုံတင်အမှတ် ၀၇၇၉)က ပုံနှိပ်သည်။

# မာတိကာ


| | |
|---|---|
| ၁။ ထုတ်ဝေသူ၏ အမှာ | |
| ၂။ ဇော်ဂျီ၏ မိတ်ဆက်အမှာစာ | |
| ၃။ နိဒါန်း | ၁ |
| ၄။ အခန်း – ၁ ကာရန် ၆၄ ပါး | ၃ |
| ၅။ အခန်း – ၂ ထပ်၊ ဟပ်၊ ဖြတ် | ၅ |
| ၆။ အခန်း – ၃ ကာရန်များ | ၁၃ |
| ၇။ အခန်း – ၄ ကဗျာရေးကြစို့ ဒွေးချိုး | ၁၈ |
| ၈။ အခန်း – ၅ ဒွေးချိုးအဆက် | ၂၇ |
| ၉။ အခန်း – ၆ ကဗျာဆိုသည်မှာ အဘယ်နည်း | ၃၅ |

ကွယ်လွန်သူ မိဖနှစ်ပါးအား
ဤစာအုပ်ဖြင့်
ကန်တော့ပါ၏။

“တိုက်ရိုက်နတ်နား၊ ကြားပါလေ၍
နာစေခလို၊ တောင့်တဆိုသည်
ကုသိုလ်ဝေငှ ဆင့်လောင်းတည်း။”

စတုဓမ္မသာရ ကိုးခန်းပျို့မှ

## ထုတ်ဝေသူ၏ အမှာ

ဤစာအုပ်ကို ပညာရေးဌာနလူငယ့်ရေးရာ ဌာနခွဲမှ ၁၉၆၅ ခု မတ်လတွင် ပဌမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့လေသည်။ ရည်ရွယ်ချက်မှာ ကဗျာလင်္ကာကို စိတ်ဝင်စားသည့် ဆရာဆရာမများ၊ ကျောင်းသူကျောင်းသားများ လူငယ်လူရွယ်များ အလွယ်တကူ လေ့လာတတ်မြောက်စေရန်ဖြစ်သည်။

မြန်မာစာပေတွင် ကဗျာလင်္ကာသည် အရေးပါအရာရောက်သည့်ကဏ္ဍတခု၌ ရှေ့ဆောင်ပါဝင်ခဲ့ကြောင်း အငြင်းပွါးဖွယ် မရှိပေ။ မြန်မာတို့၏ စာပေစစ်စစ် စတင်ပေါ်ထွန်းခဲ့သည့်ပုဂံခေတ် စာပေများ၌ပင် "သိုးကလေ"အစချီသော ပုပ္ပါးနတ်တောင်ဘွဲ့လင်္ကာ၊ "မြကန်"လင်္ကာတို့ ပေါ်ထွန်းခဲ့ခြင်းကို ထောက်သဖြင့် မြန်မာစာပေတွင် ကဗျာလင်္ကာပါဝင်လာခဲ့သော ကဏ္ဍအကြောင်း သိတန်လောက်ပြီ။

ကဗျာစာပေသည် ခေတ်၏ အကြောင်းကို ပြောပြနိုင်၏။ ပတ်ဝန်းကျင်လူ့အဖွဲ့အစည်း၏ လူမှုဆက်ဆံရေးအဖြစ်သနစ် အကြောင်းအရာများကို ကဗျာဖြင့် ဖွဲ့ဆိုသီကုံးပြောပြနိုင်ပေသည်။ ကဗျာသည် အကြောင်းအရာတခု၏ အခြေအနေများကို ဖော်ပြပြောဆိုနိုင်သည်သာမက ပညာလည်း ပေးနိုင်၏။ လမ်းညွှန်နိုင်၏။ လှုံ့ဆော်စည်းရုံးနိုင်၏။ ထို့ကြောင့် ကဗျာကို ခေတ်၏ ကြေးမုံပြင်ဟု ခေါ်ဆိုနိုင်လေသည်။

ကဗျာနှင့်စကားပြေမှာ အကြောင်းအရာတခုကို ဖော်ပြရာတွင် သဘောအားဖြင့် တူသော်လည်း ပုံသဏ္ဌာန်အားဖြင့် မတူချေ။ စကားပြေ၏ သဘောမှာ အကြောင်းအရာတခုကို တိုက်ရိုက်ရေးသားဖော်ပြနိုင်၏။ ကဗျာကား အကြောင်းအရာ သိရုံနှင့်ရေးသားဖော်ပြ၍မရ။ အစပ်အဟပ်၊ အဖွဲ့အနွဲ့များဖြင့် ဖွဲ့ဆိုသီကုံးနိုင်မှသာလျှင် ကဗျာဟူ၍ သတ်မှတ်ခေါ်ဆိုနိုင်ပြီး ကဗျာ၏ အရသာကို ခံစားနိုင်ကြပေလိမ့်မည်။

မျက်မှောက်ခေတ် မြန်မာစာပေလောကကို လေ့လာသောအခါ ကဗျာစာပေကို လေ့လာလိုက်စားသော ဦးရေမှာ မနည်းလှကြောင်းကို တွေ့ရှိရပြန်သည်။ အထူးသဖြင့် ယခုခေတ် လူငယ်များသည် ကဗျာဖက်တွင် ပို၍အားသန်လာကြသည်။

ဤသို့ ကဗျာဖက်၌ စိတ်အားထက်သန်လာကြရာတွင် ကဗျာ၏ အရသာကို ခံစားမှု၊ စနစ်တကျ နည်းလမ်းမှန်ကန်စွာ စပ်ဆိုနိုင်မှုတို့မှာ မတတ်မဖြစ်၊ မသိ၍မဖြစ်သော ကိစ္စရပ်များဖြစ်၍

လာလေသည်။ ဤကျမ်းငယ်သည် ယင်းလိုအပ်ချက်များကို ဖြည့်စွမ်းပေးနိုင်မည်ဟု စာပေဗိမာန်က ယုံကြည်လက်ခံထားပါသည်။ ပညာရေးဌာနမှ ပုံနှိပ်သောစာအုပ်များ ကုန်သွားစဉ်တွင် အထက်ပါခံယူချက်အရ သက်ဆိုင်ရာတို့ထံ ခွင့်တောင်းပြီးလျှင် စာပေဗိမာန်က ထပ်မံပုံနှိပ်ထုတ်ဝေရခြင်း ဖြစ်ပါသည်။

ထပ်မံပုံနှိပ်ရာ၌ ကဗျာလင်္ကာကို စိတ်ဝင်စားသူများအတွက် ကျယ်ကျယ်ပြန့်ပြန့်တတ်သိနားလည်စေလိုသောစေတနာအရ ပဋ္ဌမပုံနှိပ်ခြင်းတွင် လိုအပ်သည်ဟုယူဆရသော အချက်များကို စာရေးသူက ပြင်ဆင်ဖြည့်စွက်ချက်များ ရေးသားထားပါကြောင်း။

စာပေဗိမာန်

# ဇော်ဂျီ
# ၏
# မိတ်ဆက် အမှာစာ

ကျက်စရာ မှတ်စရာ စာပေဗဟုသုတများအောင်ပြုခြင်းသည် ကဗျာ(ရသစာပေ)၏ အဓိကတာဝန် မဟုတ်။ သတိမူအပ်သော ပတ်ဝန်းကျင်လောကအမူအရာတို့ကို သတိမူမိကြအောင် သွေးဆောင်ခြင်းသည်သာလျှင် ကဗျာ၏ အဓိကတာဝန် ဖြစ်သည်ဟု ယူပါသည်။ ထိုသို့ယူလျှင် ကဗျာသင်ဆရာ၏ အဓိကတာဝန်သည် သမားဂုဏ်ကို ပြရန်မဟုတ်။ ပတ်ဝန်းကျင်လောကအမူအရာတို့ကို တပည့်များ သတိမူမိကြအောင် သင်ပြရန်သာဖြစ်သည်ဟု ဆိုသင့်သည်။

ကဗျာသင်ဆရာသည် သမားဂုဏ်ကို ပြချင်လွန်းအားကြီးလျှင် ကဗျာသည် တပည့်များအဖို့ စိတ်ညစ်စရာ အခက်အခဲ ဖြစ်လာနိုင်သည်။ ထိုသို့မဟုတ်မူ၍ ပတ်ဝန်းကျင်လောကအမူအရာတို့ကို သတိမူမိကြအောင် သင်ပြတတ်လျှင် ကဗျာသည် တပည့်များအဖို့ ချစ်စရာ ခင်စရာ အလွယ်ဖြစ်လာနိုင်သည်။

"ကဗျာရေးချင် စာစပ်သင်"ကျမ်းသည် အရွယ်အားဖြင့် ငယ်ပင်ငယ်သော်လည်း တာဝန်ကြေလှသော ကဗျာသင်ဆရာတဦး၏ အရည်အခြင်းကောင်းများနှင့်ပြည့်စုံသော ကျမ်းငယ်ဖြစ်သည်။ ထိုကျမ်းငယ်တွင် စာစပ်ချင်သော တပည့်များအတွက် မြန်မာကဗျာတို့၏ အခြေခံတခုဖြစ်သော ကာရန်အကြောင်းကိုရင်း၊ ဒွေးချိုးစပ်နည်းအကြောင်းကိုရင်း ရှင်းပြထားသည်ကို တွေ့နိုင်သည်။ ရှင်းပြပုံသည် လွယ်လည်း လွယ်၍ နှစ်သက်ဖွယ်လည်း ဖြစ်သည်။ တပည့်တဦးက ထိုကျမ်းငယ်မှ ဖတ်သင့်သည်ကို ဖတ်ပြပါ။ ရွတ်ဆိုသင့်သည်ကို ရွတ်ဆိုပြပါ။ ကျန်တပည့်များက ဝိုင်းနားထောင်ကြပါ။ ကဗျာစပ်နည်းကို အလွယ်တကူ သဘောပေါက်ကြပါလိမ့်မည်။ ထိုမျှသာမက ကဗျာ့အရသာကိုပါ ခံစားတတ်ပါလိမ့်မည်။ စာပွဲသဘင် ကျင်းပနေသကဲ့သို့ ဖြစ်နိုင်ပါသည်။ စမ်းကြည့်ကြပါ။

ကာရန် ၆၄ ပါး ဇယားပုံ

| အ–ကာရန်မျိုး | အာ–ကာရန်မျိုး | အား–ကာရန်မျိုး |
|---|---|---|
| အ | အာ | အား |
| အိ(ဣ) | အီ(ဤ) | အီး |
| အု(ဥ) | အူ(ဦ) | အူး(ဦး) |
| အေ့ | အေ(ဧ) | အေး |
| အဲ့ | အယ် | အဲ |
| အော့ | အော် | အော(ဩ) |
| အို့ | အို | အိုး |
| အက် | – | – |
| အောက် | – | – |
| အိုက် | – | – |
| အင့် | အင် | အင်း |
| အောင့် | အောင် | အောင်း |
| အိုင့် | အိုင် | အိုင်း |
| အစ် | – | – |
| အည့် | အည် | အည်း |
| အဉ့် | အဉ် | အဉ်း |
| အတ် | – | – |
| အိတ် | – | – |
| အုတ် | – | – |
| အန့် | အန် | အန်း |
| အိန့် | အိန် | အိန်း |
| အုန့် | အုန် | အုန်း |
| အပ် | – | – |
| အိပ် | – | – |
| အုပ် | – | – |
| အံ့ | အံ | အမ်း |
| အိမ့် | အိမ် | အိမ်း |
| အုံ့ | အုံ | အုံး |
| ၂၈+ | ၁၈+ | ၁၈=၆၄ |

# နိဒါန်း

လူကလေး၊ လုံမကလေးတို့။

ကဗျာ ရေးချင်ကြပါသလား။ ကဗျာရေးချင်ကြပါလျှင် ပဌမစာစပ်သင်ကြပါဦး။ စာစပ်နည်းကို နှုတ်နှင့်လည်း သင်၍ဖြစ်ပါသည်။ စာနှင့်လည်း သင်၍ဖြစ်ပါသည်။ ယခုမှာ စာနှင့်သင်ရပါလိမ့်မည်။ လူကလေး၊ လုံမကလေးတို့ အသက်ငယ်ငယ်နှင့် စာစပ်သွားကြသောစာဆိုလေးဦးအကြောင်းကို အားကျရအောင် ပြောပြပါရစေ။

"ဥသြမောက်ညို၊ တွန်သံချို၊ စာဆိုလေးဦး၊ ပျိုရွယ်လူး"ဆိုသော ဆောင်ပုဒ်ကို လက်ဦးမှတ်ထားပါ။ ဆက်ဖတ်လျှင် သူတို့အကြောင်းကို သိရပါလိမ့်မည်။

ရှေးရှေးတုန်းက တောင်ထွင်းကြီးအရပ်မှာ ခုနစ်နှစ်သားအရွယ် သူငယ်ချင်းနှစ်ယောက်အချီအချ စာစပ်ကြပါသတဲ့။ တဦးက မိမိအကြောင်းလည်းပါအောင် မိမိမိခင်၏အမည်လည်းပါအောင် ဤသို့စပ်ပါသတဲ့။

"စာစပ်ကယ် ပလီ

မယ်နှင်းဆီ၏သား" တဲ့။

သည်တော့ နောက်တဦးကလည်း ထိုနည်းအတိုင်းပင် စပ်ပြန်ပါသတဲ့။

"တောင်ကိုပင် လျှောက်ကာပြေး

မယ်ဒွေး၏သား" တဲ့။

ပဌမသူငယ်၏အမည်မှာ မောင်ဥက္ကာဖြစ်ပါသည်။ ဒုတိယသူငယ်၏အမည်မှာ မောင်ညိုဖြစ်ပါသည်။ အရွယ်ရောက်သောအခါ သူတို့သည် ရဟန်းဝတ်ကြ၍ မောင်ဥက္ကာမှာ သျှင်ဥတ္တမဟုတွင်လာပါသည်။ မောင်ညိုမှာ သျှင်သီလဝံသဟု တွင်လာပါသည်။

သျှင်ဥတ္တမနှင့်သျှင်သီလဝံသတို့သည် ငယ်စဉ်က ဝါသနာအတိုင်း ကဗျာလင်္ကာများကိုဆက်လက်သီကုံးကြ၍ ထင်ရှားကျော်စောလာကြသောအခါ သျှင်ဥတ္တမ၏အမည်တွင် "ကျော်"တလုံးတိုးကာ "သျှင်ဥတ္တမကျော်"ဟု ဖြစ်လာပါသည်။ သျှင်သီလဝံသ၏အမည်တွင်"မဟာ"တလုံးတိုးကာ "သျှင်မဟာသီလဝံသ"ဟု ဖြစ်လာပါသည်။

မောင်ဥက္ကာနှင့်မောင်ညိုတို့ အတော်ကြီးပြင်းလာသောအခါ အင်းဝနေပြည်တော်တွင်မောင်မောက်ဆိုသော သူငယ်တဦး ပေါ်ပေါက်လာပြန်ပါသည်။ သူလည်း စာစပ်အလွန်ဝါသနာပါသည်။ သူ ဆယ်နှစ်သားအရွယ် တနေ့သောအခါတွင် နန်းတော်တွင်းသို့ ရောက်သွား၍ သူနှင့်ရွယ်တူ မင်းသမီးကလေးများကို မြင်သောအခါ အောက်ပါစာသုံးပုဒ်ကို စပ်ပါသည်။

"အိုဘဲ့ဘယ်၊ အိုဘဲ့သမီးတော်

ထင်ပေါ် ဘုန်းပျို့သင်း။

အိုဘဲ့ဘယ်၊ အိုဘဲ့သမီးတော်

နတ်သော်ပုံမယွင်း။
အိုဘဲ့ဘယ်၊ အိုဘဲ့သမီးတော်
စန္ဒော် လနှယ်ဝင်း” တဲ့။

မောက်မောက်သည်လည်း အရွယ်ရောက်လာသောအခါ ရဟန်းဝတ်၍ သျှင်ရဋ္ဌသာရ ဟုတွင်လာပါသည်။ ကဗျာလင်္ကာများကို ဆက်လက်စီကုံးသဖြင့် သူ၏အမည်တွင် “မဟာ”တလုံး တိုးကာ “သျှင်မဟာရဋ္ဌသာရ”ဟု ဖြစ်လာပါသည်။

အဆိုပါရဟန်းစာဆိုကြီးများ ပေါ်ပေါက်ပြီးနောက် အနှစ်တရာခန့်ရှိသောအခါ မောင်း ထောင်ကြီးရွာတွင် ငယ်ငယ်ရွယ်ရွယ်နှင့်စာစပ်သူတဦး ထွန်းကားလာပြန်ပါသည်။ သူ၏အမည် မှာ မောင်ဩဖြစ်ပါသည်။ မောင်ဩသည် ဆယ့်ငါးနှစ်သားအရွယ်တွင် အပိုဒ်ပေါင်း ၁၈၀၀ နီး ပါးရှိသည့် သံပေါက်ကျမ်းကြီးကို စပ်ဆိုခဲ့ပါသည်။ သံပေါက်အချို့ကို အောက်တွင် ဖေါ်ပြလိုက် ပါသည်။

“သစ်ဆိမ့်သီးခုံ
ကြိတ်၍မံ
သွားအံ မကိုက်ခဲ။
တနေ့ဆယ်ကြိမ်
တင်း မတိမ်
ပန်းထိမ် သူခိုးညစ်။
အနက် မသန်
အဘိဓာန်
မကျန် ရအောင်ရှာ။

မောင်ဩကား ရဟန်းမဝတ်။ မင်းထံတွင် ခစားထမ်းရွက်ပါသည်။ ကဗျာလင်္ကာအရေး အသားကောင်းသောကြောင့် ရွှေတောင်ရာဇကျော်ဟူသော ဘွဲ့အမည်ဖြင့်၎င်း၊ စိန္တကျော်သူဦးဩ ဟူသောဘွဲ့အမည်ဖြင့်၎င်း စာပေလောကတွင် ထင်ရှားကျော်ကြားပါသည်။

ကဲ–“ဥဩမောက်ညို၊ တွန်သံချို၊ စာဆိုလေးဦး၊ ပျို့ရွယ်လူး”ဆိုသောစကား၏ အဓိပ္ပါယ် ကို သိကြပါပြီလား။ မောင်ဥက္ကာတို့ မောင်ဩတို့ မောင်မောက်တို့ မောင်ညိုတို့ကဲ့သို့သော ပါရမီ ရှင်များ လူကလေးတို့ လုံမကလေးတို့အထဲတွင် မရှိဘူးဟု မဆိုနိုင်ပါ။ ပါရမီရှင် ရွှေးရအောင် စာစပ်သင်ကြပါ။ ကဗျာရေးကြပါ။ “ကျော်”တလုံးရ “မဟာ”တလုံးတပ် ပုဂ္ဂိုလ်တွေ ဖြစ်နိုင်ကြ ပါစေ။ ။

မင်းသုဝဏ်
၃–၃–၆၅

# အခန်း(၁)
## ကာရန် ၆၄–ပါး

စာစပ်လိုသော သူသည် ကာရန်ဆိုသော စကားလုံးကို နားလည်ဖို့ လိုပါသည်။ ကာရန်ဆိုသည်မှာ အထူးအဆန်းမဟုတ်ပါ။ အက္ခရာ၏ အသံမျှသာ ဖြစ်ပါသည်။ ဥပမာ က–အက္ခရာ၏ အသံသည် (အ)ဖြစ်ပါသည်။ ကာ–အက္ခရာ၏ အသံသည်(အာ)ဖြစ်ပါသည်။ ကား–အက္ခရာ၏ အသံသည် (အား)ဖြစ်ပါသည်။ နောင်တွင် ကာရန်များကို ဝိုက်ကွင်းပိတ်၍ပြပါမည်။ များစွာသော ကျောင်းသူကျောင်းသားတို့သည် သူငယ်တန်းတွင် ရှိစဉ်က ဤနည်းကို သင်ခဲ့ကြဘူးပါလိမ့်မည်။ ကာရန်နှင့်ပတ်သက်၍ မောင်ဥက္ကာနှင့်မောင်ညိုတို့ ပြောခဲ့ကြသည်ဆိုသောစကားများကို ထုတ်ဆောင်ပြောပြချင်ပါသည်။

တရံသောအခါ ရတနာဗိမာန်ကျောင်းအောက်သို့ သွား၍ သူငယ်တို့ဘာဝ ကစားမြူးပျော်လျက် နေကြရာ ခဲရှာ၍ မရနိုင်သဖြင့် မြေတွင် တူးဆွ၍ယူလျှင် ခဲရလေ၏။ ထိုအခါ သျှင်ဥတ္တမကျော်က သျှင်မဟာသီလဝံသကို ပြောဆိုသည်မှာ "ဟေ့ – မောင်ညို၊ ငါ့မှာ မြေကို တူး၍ယူသောကြောင့် ခအဲရပြီ"ဟုပြောလျှင် သျှင်မဟာသီလဝံသက ပြန်၍ပြောသည်မှာ "ဟေ့ – မောင်ဥက္ကာ၊ မင်းမှာ မြေကိုတူးမှ ခအဲရသည်။ ငါ့မှာ မြေကို မတူးဘဲနှင့် ကျောင်းတိုင်ခေါင်းထဲက စအူးကလေးတခု ရသည်"ဟု ပြောသံကို နတ်မီးလင်းဆရာတော်သည် စကြံသွားရာက ကြားတော်မူလျှင် အံ့ဘွယ်သရဲရှိလှသော သူငယ်နှစ်ယောက်ပါတကား – ဟု အောက်မေ့တော်မူသည်။

ဤထုတ်ဆောင်ချက်ကို ကြည့်လျှင် ခုနစ်နှစ်သားအရွယ် မောင်ဥက္ကာနှင့်မောင်ညိုတို့သည် ကာရန်သဘောကို သိနေကြပြီဟု ဆိုရပါမည်။ မောင်ဥက္ကာပြောသော "ခအဲ"မှာ အခြားမဟုတ်ပါ၊ ခ+(အဲ)="ခဲ" ဖြစ်ပါသည်။ မြေကြီးခဲ၊ ကျောက်ခဲစသည်တို့ကို ဆိုလိုပါသည်။ မောင်ညိုပြောသော "စအူး"မှာလည်း အခြားမဟုတ်ပါ။ စ+(အူး)="စူး"ဖြစ်ပါသည်။ သူတို့ခေတ်အခါက စာရေးသော ကညစ်မျိုးကို ဆိုလိုပါသည်။ သို့ဖြင့် ခဲ၏ အသံမှာ (အဲ)ဖြစ်ကြောင်း၊ စူး၏ အသံမှာ (အူး)ဖြစ်ကြောင်း ဖေါ်ပြသည်ကို သိရပါသည်။ တနည်းအားဖြင့်ဆိုလျှင် ခဲ၏ ကာရန်မှာ (အဲ) ဖြစ်သည်၊ စူး၏ ကာရန်မှာ (အူး)ဖြစ်သည်ဟု နားလည်ရပါသည်။

မြန်မာဘာသာတွင် ကာရန်(အသံ)ပေါင်း ၆၄–မျိုးရှိပါသည်။ (ဇယားကို ကြည့်ပါ။)

ကြောက်စရာ မဟုတ်ပါ။ ကလေးလူကြီးမရွေး သိပြီးသားများ ဖြစ်ပါသည်။

ဇယားနှင့်ရေးကြည့်လျှင် အလွယ်ကလေးနှင့်သိနိုင်ပါသည်။ မှတ်မိနိုင်ပါသည်။

အကြမ်းအားဖြင့် ခေါင်းဆောင် ကာရန်ကို အခြေပြုကာ ၁။ "အ"ကာရန်မျိုး၊ ၂။ "အာ" ကာရန်မျိုး၊ ၃။ "အား"ကာရန်မျိုးဟု ခေါ်ကြပါစို့။ ဤကာရန်မျိုးသုံးပါးအရေးကြီးပုံကို နောင်သောအခါ သိရပါလိမ့်မည်။

ပူးတွဲပါ ဇယားပုံကို ပဌမဦးစွာ တကြောင်းပြီးလျှင် တကြောင်း အလျားလိုက် ဖတ်ကြည့်

ပါ။ ထို့နောက် တဇယားပြီးလျှင် တဇယား ထောင်လိုက် ဖတ်ကြည့်ပါ။ အလျားလိုက်နှင့်ထောင်လိုက် မည်သို့ခြားနားသည်ကို သတိပြုမိပါလိမ့်မည်။ ပဌမတကြိမ် သတိမပြုမိသေးလျှင် ဒုတိယတကြိမ်၊ တတိယတကြိမ် စသည်ဖြင့် ဖတ်ကြည့်ပါ။ သတိပြုမိလာပါလိမ့်မည်။

မောင်ဥက္ကာနှင့်မောင်ညိုတို့သည် သွားယင်း လာယင်း မြူးတူးယင်းနှင့် ခ+အဲကလေး၊ စ+အူးကလေး ဆိုကာ ကစားကြသည်။ အသင်တို့လည်း ကစားနိုင်ကြပါသည်။ မည်သို့ကစားရမည်ကို အကြံပေး ညွှန်ပြပါရစေ။

ကျောင်းသားအရွယ် လူကလေး လုံမကလေးတို့သည် စကားလိမ်၊ စကားထာ၊ စကားဝှက်များကို နှစ်သက်အသုံးပြုတတ်ကြပါသည်။ စကားလိမ်နှင့်စကားထာကို အသင်တို့ သိပြီးဖြစ်ပါလိမ့်မည်။ စကားဝှက်နှင့်ပတ်သက်၍ကား လူငယ်အများသည် သိကြပြီးဖြစ်လိမ့်မည် မဟုတ်ဟုထင်ပါသည်။ ကျွန်ုပ်တို့ငယ်စဉ်က အကျင့်တခုမှာ "ဟေ့ ကောင်ရေ၊ ကျောင်းသွားမလား"ဟု ရိုးရိုးတန်းတန်း ပြောမည့်အခါ စကားကိုဝှက်ကာ "ဟာတေ့ကာတောင် ရာတေ။ ကျာတောင်း သွားတား မလာတား"ဟု ပြောလေ့ရှိခြင်းဖြစ်ပါသည်။ ဤစကားဝှက် ပြောနည်းအတိုင်းပင် မောင်ဥက္ကာနှင့်မောင်ညိုတို့ ပြောနည်းကို ချဲ့ထွင်လိုက်ပါလျှင် ဟ+(အေ့) က+(အောင်) ရ+(အေ)။ ကျ+(အောင်း) သွ+(အား) မလ+(အား) ဖြစ်လာပါလိမ့်မည်။ ဤနည်းအတိုင်းလေ့ကျင့်ပြောဆိုကြပါလျှင် ကာရန် ၆၄ သဘောကို ကောင်းစွာ နားလည်ကြပါလိမ့်မည်။ တခု သတိပြုရန်ရှိပါသည်။ အေးပါကွာ။ အားပါတယ် စသည်ဖြင့် "အေး" "အား" စသောသရသံများ ပါလာသောအခါ ကျွန်ုပ်တို့ ငယ်စဉ်က ပြောသော စကားဝှက်နည်းအရဆိုလျှင် "အာတေး ပါတာ ကွာတာ။ အာတားပါတာ တာတယ်"ဟု ဆို၍ရပါသည်။ ယခု ကာရန်နည်းအရဆိုလျှင် မည်သို့ဝှက်ပါမည်နည်း။ စည်းကမ်းမကျသော်လည်း လွယ်ကူမှုအတွက်ဆိုလျှင် "အ+(အေး) ပ+(အာ) ကွ+(အာ)"စသည်ဖြင့် ဝှက်လျှင် ဖြစ်နိုင်ပါလိမ့်မည်။ "ဦးအေး၏ အိုးအိမ်"ဟုဆိုလျှင် "အ+(ဦး) အ+(အေး) အ+(အိ) အ+(အိုး) အ+(အိမ်)"ဟု ပြောရပါလိမ့်မည်။ စမ်းကြည့်ကြစမ်းပါ။ လိုလျှင် တဖြည်းဖြည်း ပြင်ယူနိုင်ပါသည်။

## အခန်း(၂)
## ထပ်၊ ဟပ်၊ ဖြတ်

စာစပ်လိုသူသည် "ကာရန်"အကြောင်းကို နားလည်ပြီးနောက် "စေ"သုံးလုံးပိုင်သူဖြစ်ဖို့ လိုပါသည်။ စေသုံးလုံးကား အဘယ်နည်း။ ထပ်လည်း ထပ်နိုင်စေ။ စေတလုံး။ ဟပ်လည်း ဟပ်နိုင်စေ။ စေတလုံး။ ဖြတ်လည်း ဖြတ်နိုင်စေ။ စေတလုံး။ ပေါင်း စေ သုံးလုံးတည်း။ ဘာကို ထပ်ရမည်နည်း။ ဘာကို ဟပ်ရမည်နည်း။ ဘာကို ဖြတ်ရမည်နည်း။

ကာရန်ကို ထပ်ရမည်။

အနက်ကို ဟပ်ရမည်။

အပိုကို ဖြတ်ရမည်။

အထပ်၊ အဟပ်၊ အဖြတ်ကို သဘောပေါက်ရအောင် အလေ့အကျင့် လုပ်ကြဦးစို့။ လေ့ကျင့်ခန်းများများလုပ်နိုင်လေ ကောင်းလေဖြစ်ပါသည်။ လေ့ကျင့်ခန်းလုပ်ရန် အကောင်းဆုံးအရာတို့ကား စကားပုံများ ဖြစ်ပါသည်။ စကားပုံစတင်တီထွင်သူတို့သည် အထပ်၊ အဟပ်၊ အဖြတ် အရာတွင် အလွန်ကျွမ်းကျင်သူများဖြစ်သည်ကို လေ့ကျင့်ခန်း လုပ်ကြည့်သောအခါ တွေ့ရပါလိမ့်မည်။ အထပ်၊ အဟပ်၊ အဖြတ်တို့ မည်မျှ အရေးကြီးသည်ကိုလည်း ထိုအခါ သိရပါလိမ့်မည်။ ယခု ကျွန်ုပ်တို့ကိုင်မည့်စကားပုံများသည် အစုံအစုံရှိသော စုံတွဲစကားပုံများဖြစ်ပါသည်။ ပဌမဦးစွာ အသံခုနစ်သံ(စာလုံး ခုနစ်လုံး)စီရှိသော စကားပုံကို ကိုင်၍ တထစ်ပြီးလျှင်တထစ် အသံအရေအတွက် (စာလုံးအရေအတွက်)ကိုလျှော့ကာ အသံနှစ်သံ တပိုဒ် အသံတသံတပိုင်ရှိသော အသေးဆုံးစကားပုံအထိ ဆင်းကိုင်သွားကြပါမည်။

၁။ ပေးစရာလဲ ငွေ မရှိ။

ပြေးစရာလဲ မြေ မရှိ။

အထက်ပါ စကားပုံသည် အသံခုနစ်သံစီရှိသော စုံတွဲစကားပုံဖြစ်ပါသည်။ ယင်းတွင် ကာရန်ထပ်ပုံကို ရှာကြည့်လျှင် စာလုံးတိုင်း ကာရန်(အသံ)ထပ်နေသည်ကို တွေ့ရပါလိမ့်မည်။ ဤသို့အစအဆုံး ကာရန်ကိုက်ထပ်သောစာမျိုးကို "ကိုယ်တွင်းပြည့်စာ"ဟု ခေါ်သည်။

ပ (အေး) စ (အ) ရ (အာ) လ (အဲ) ငွ (အေ) မ (အ) ရှ (အိ)။

ပြ (အေး) စ (အ) ရ (အာ) လ (အဲ) မြ (အေ) မ (အ) ရှ (အိ)။

ကာရန် ထပ်ပုံကို ကြည့်ပြီးနောက် အနက် ဟပ်မဟပ်ကို ကြည့်ကြပါဦး။ ဤစကားပုံသည် ကြွေးရှင်မြီရှင်က ကြွေးမြီကို တောင်းသောအခါ ပေးဆပ်စရာ ငွေလည်းမရှိ။ တရားဥပဒေ၏လက်လှမ်းမှီရာမှ လွတ်မြောက်အောင် ထွက်ပြေးရမည်လည်း တရားဥပဒေလွတ်သည့်အရပ်ဒေသဟူ၍မရှိ။ ထို့ကြောင့် မပေးလည်း မပေးနိုင်၊ မပြေးလည်း မပြေးနိုင်၊ လက်မှိုင်ချရပုံကို ဖော်ပြသောစကားပုံဖြစ်သဖြင့် တပိုဒ်နှင့်တပိုဒ် အနက်ချင်းဟပ်နေသည်မှာ ထင်ရှားပါသည်။ အထက်

အပိုဒ် မရှိလျှင် အောက်အပိုဒ်တွင် အဓိပ္ပါယ်မပြည့်စုံ။ အောက်အပိုဒ် မရှိလျှင် အထက်အပိုဒ်တွင် အဓိပ္ပါယ်မပြည့်စုံ။ သရက်စေ့ထက်ခြမ်းနှင့်တူနေပါသည်။ တခြမ်းတည်းနှင့်သရက်စေ့ မဖြစ်နိုင်ပါ။

အပိုဖြတ် မဖြတ်ကို ကြည့်သောအခါတွင်ကား မဖြတ်သည်ကို တွေ့ရပါသည်။ ခုနစ်လုံးတပိုဒ်တွင် အနက်ပြည့်စုံနေပြီ။ ဖြတ်ရအောင် အပို မပါပါ။ စကားပြေ စကားရိုးရိုးသက်သက်ဖြစ်ပါသည်။

* * * * *

စာစပ်သောအခါ ကဗျာရေးသောအခါ ဤသို့သော အထပ်မျိုး၊ အဟပ်မျိုး၊ အဖြတ်မျိုးကို များစွာလုပ်ရပါလိမ့်မည်။ ထို့ကြောင့် သူတပါးထပ်ပုံ၊ ဟပ်ပုံ၊ ဖြတ်ပုံကို ဂရုစိုက်လေ့လာရပါသည်။ အောက်ပါစကားပုံများကို လေ့လာကြည့်ပါဦး။

၂။ အိုးချင်းထား အိုးချင်းထိ။
ကြိုးချင်းထား ကြိုးချင်းညိ။

၃။ မခေါ်ပဲ မသွားနှင့်။
မတော်ပဲ မစားနှင့်။

၄။ တံငါကို ပိုက်ထိုး သင်။
မုဆိုးကိုသားထိုး သင်။

တပိုဒ် တပိုဒ်တွင် အသံ မည်မျှ ရှိသည်ကို တွက်ပါ။ ကာရန် မည်မျှ ထပ်သည်ကို ခွဲပါ။ အနက် မည်သို့ ဟပ်သည်ကို ရှာပါ။ အပို ဖြတ် မဖြတ်ကို စီစစ်ပါ။ အမှတ် ၄ သည် အမှတ် ၂ ၃ တို့နှင့် ကာရန်ထပ်ပုံ တူပါသလား။ စကားဝှက်နည်းဖြင့်ရေး၍ စစ်ဆေးပါ။

* * * * *

ယခုအခါ ခြောက်သံ တလှည့် ငါးသံတလှည့်ရှိသော စကားပုံမျိုးကို ကြည့်ကြရအောင်။

၅။ ကျားကြောက်လို့ ရှင်ကြီးကိုး
ရှင်ကြီး ကျားထက် ဆိုး။

၆။ ရှင်ဘုရင် တခါ ထွက်
ပဲကြီး တလှေ ချက်။

၇။ အကြံ မရှိ နောက်လိုက်။
ဆန် မရှိ ကောက်စိုက်။

ဤစကားပုံများတွင် နောက်ဆုံးအသံတို့သာလျှင် ကာရန် ထပ်သည်ကို သတိပြုပါ။ ၅ တွင် ပဌမပိုဒ်နောက်ဆုံးစာလုံးမှာ က+(အိုး) ဖြစ်ပါသည်။ ဒုတိယပိုဒ်နောက်ဆုံးစာလုံးမှာ ဆ+

(အိုး)ဖြစ်ပါသည်။ ဤသို့ အဆုံးကာရန်(အိုး)ချင်းသာ ထပ်သောအခါ ပဋ္ဌမကာရန်ကို “အခံ” ဟုခေါ်ပါသည်။ ဒုတိယကာရန်ကို “အအုပ်”ဟုခေါ်ပါသည်။ (အိုး)နှင့်ခံ၍ (အိုး)နှင့်အုပ်သည်ဟု ဆိုလိုပါသည်။ ဉပမာအားဖြင့်ဆိုသော် အိုးဝကို စလောင်းဖုံးနှင့်အုပ်သကဲ့သို့ ဖြစ်ပါသည်။ အိုးဝက ဝိုင်းလျှင် စလောင်းဖုံးကလည်း ဝိုင်းရသည်။ အရွယ်လည်း တူရသည်။ အိုးဝက ရှဲ့လျှင် စလောင်းဖုံးကလည်း ရှဲ့ရသည်။ အရွယ်လည်း တူရသည်။ သို့မှသာ ကာရန် ကိုက်ပါသည်။ ကာရန်တည့်ပါသည်။ ကာရန် သင့်ပါသည်။ ဤတွင် အခံအိုး၊ အအုပ်အိုးကာရန် ကိုက်ပါသည်။ တည့်ပါသည်။ သင့်ပါသည်။

အနက်ကို ကြည့်လျှင်လည်း ဟပ်မိသည်ကို တွေ့ရပါလိမ့်မည်။ ဟပ်မိရုံမျှမက တစပ်တည်း တဝါးတည်းဖြစ်သည်ကိုပင် တွေ့ရပါလိမ့်မည်။ စကားပုံ ၁၊ ၂၊ ၃၊ ၄ တို့တွင် ပဋ္ဌမပိုဒ်နှင့် ဒုတိယပိုဒ်တို့သည် အနက်ဟပ်သော်လည်း တစပ်တည်း မဟုတ်ကြ။ အပိုဒ်တိုင်းသည် ဝါကျသီးခြားဖြစ်သည်ကို နှိုင်းရှည့်သတိပြုနိုင်ပါသည်။ ဤသို့ အနက်နှင့်ပတ်သက်သော တွေးတောကြံဆမှုတို့ကို ပြုသွားကြရပါလိမ့်မည်။ သို့မှလည်း အနက်ထင်ပုံ စပ်ပုံအရာတွင် ကျွမ်းကျင်လိမ်မာလာကြပါလိမ့်မည်။

အပို ဖြတ် မဖြတ်ကို ကြည့်ကြဦးစို့။ ဤစကားပုံကို စကားပြေဆန်၍ ရေးလျှင် “ကျား၏ဘေးအန္တရာယ်ကို ကြောက်သောကြောင့် အရှင်ကြီးနတ်မင်းကို ကိုးကွယ်ပသရာ အရှင်ကြီးနတ်မင်းမှာ ကျားထက်ဆိုးသော ရန်သူဖြစ်နေသည်ကို တွေ့ရပါသည်”စသည်ဖြင့် အမျိုးမျိုး ရေးနိုင်ပါသည်။ ဤမျှ များပြားသောစကားများထဲမှ မရှိသော်လည်း ဖြစ်သောစကားလုံးများကို ပယ်၍ ဖြတ်၍ နုတ်၍ ပစ်လိုက်သောအခါ “ကျား ကြောက်၍ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုး”ဆိုသော စကားပုံ အနှစ်တုံးကလေး ဖြစ်လာပါသည်။ ဖြတ်ပုံကောင်း၍ အနက်ထင်ပါသည်။

စကားပုံ ၇ သည် ၅၊ ၆ တို့နှင့်တူးပါသလား။ ခြားနားချက်များ ရှိလျှင် တွက်ချက်ကြည့်ပါ။ ဤသည်လည်း ဉာဏ်ကစားနည်းတမျိုး ဖြစ်သည်။

ခြောက်သံတလှည့် လေးသံတလှည့် စပ်ထားသော စကားပုံများလည်း ရှိသေးသည်။ သူတို့ကိုလည်း အထပ်၊ အဟပ်၊ အဖြတ်ဆိုသောမှတ်ကျောက်တို့တွင် ပွတ်ကြည့်ပါ။ အမေး ထုတ်ကြည့်ပါ။ အပြစ်တင် ကြည့်ပါ။ အဖြေရှာကြည့်ပါ။ အလားတူ စကားပုံများကို တွေးကြည့်ပါ။

၈။ ကံဆိုးမ သွားလေရာ
မိုးလိုက်လို့ ရွာ။

၉။ နောက်လာတဲ့မောင်ပုလဲ
ဒိုင်းဝန်ထက် ကဲ။

အသံငါးသံစီ တွဲထားစကားပုံကို ကြည့်ကြဦးစို့။ တပိုဒ်နှင့်တပိုဒ်အသံ အရေအတွက်ချင်း တူနေသဖြင့် စကားပုံ ၁ “ပေးစရာလဲ ငွေ မရှိ၊ ပြေးစရာလဲ မြေ မရှိ”နှင့်အတော် သဘောချင်း ကိုက်ညီလျက်ရှိသည်။

၁၀။ မြင်ဖန်များတော့ ငယ်။
နမ်းဖန်များတော့ ပြယ်။
၁၁။ ကျီးကို ဘုတ် ရှိသေ။
ဘုတ်ကို ကျီး ရှိသေ။

ဤစကားပုံများကို ကြိယာများဖြင့် အဆုံးသတ်ထားသည်ကို သတိပြုပါ။ မြင်ဖန်များတော့ ငယ်သည်။ နမ်းဖန်များတော့ ပြယ်သည်ဟု မရေးပဲ "မြင်ဖန်များတော့ ငယ်။ နမ်းဖန်များတော့ ပြယ်"ဟု ကြိယာနောက်ဆက်စကား "သည်"ကို ချန်ခဲ့ခြင်းမှာ အဖြတ်သဘော ဖြစ်သည်။

၁၂။ တောက်ချင်တဲ့မီးခဲ
အရှိန်နဲ့ရဲရဲ။

ဤစကားပုံသည်လည်း ၁၀၊ ၁၁ တို့နှင့်စကားလုံးအရေအတွက်တွင် အတူတူဖြစ်သည်။ အနက်အရာတွင်ကား ၁၀၊ ၁၁ တို့က ဟပ်မိရှိသာ ဟပ်မိသော်လည်း ၁၂ ကမူ ဟပ်မိရှိမှုမက တစပ်တည်းဖြစ်သည်ကို သတိပြုပါ။ တနည်းအားဖြင့်ဆိုသော် "မြင်ဖန်များတော့ ငယ်"ဆိုသော စကားလုံးစုသည် ဝါကျတခုဖြစ်သည်။ "နမ်းဖန်များတော့ ပြယ်"ဆိုသောစကားလုံးစုသည် ဝါကျတခုဖြစ်သည်။ အနကချင်းဟပ်သော်လည်း ဝါကျသီးခြားဖြစ်ကြသည်။ သို့သော် စကားပုံ ၁၂ ကား တမျိုးဖြစ်သည်။ "တောက်ချင်တဲ့မီးခဲ" ဆိုသော စကားစုသည် ဝါကျမဟုတ်။ "အရှိန်နဲ့ရဲရဲ"ဆိုသော စကားစုနှင့်ပေါင်းမှ ဝါကျတခုဖြစ်သည်။ ဤသို့ဖြစ်သည်ကို **တစပ်တည်း**ဖြစ်သည်ဟုဆိုပါသည်။

* * * * *

၁၃။ မသိသူ ကျော်သွား။
သိသူဖော် စား။

ဤငါးလုံးတလှည့် လေးလုံးတလှည့် ဖြစ်သော စကားပုံ၏ ကာရန်များကို တွက်စစ်ကြည့်ပါ။ ကိုယ်တွင်းပြည့်ဟု ခေါ်မည်ဆိုလျှင် ဖြစ်နိုင်ပါမည်လား။

* * * * *

ငါးလုံးတလှည့် သုံးလုံးတလှည့်ဖြစ်သော အောက်ပါစကားပုံများသည် တစပ်တည်းသော ဝါကျများဖြစ်ကြသည်။ သို့သော်လည်း ဝါကျတည်ဆောက်ပုံချင်း မတူကြချေ။ တတ်နိုင်လျှင် သဒ္ဒါနည်းအရ ခွဲခြမ်းစိတ်ဖြာကြည့်ပါ။

၁၄။ ပညာရှိ အမျက်
ပြင် မထွက်။
၁၅။ သားသမီး မကောင်း

မိဘခေါင်း။

၁၆။ ပန်းထိမ် မတတ်ခင်

ရွှေခိုး သင်။

၁၄ နှင့် ၁၆ တွင် မည်သည့်ကြိယာများဖြင့် ဝါကျကို ပြည့်စုံစေပါသနည်း။ ကြိယာများကို ထုတ်ကြည့်ပါ။ ၁၅ တွင် ကြိယာရှိပါသလား။ ဝါကျကို ပြည့်စုံစေသော ကြိယာဖြစ်ပါသလား။

* * * * *

အသံ လေးသံစီရှိသော အောက်ပါစကားပုံများကို အထပ်၊ အဟပ်၊ အဖြတ်နည်းတို့ဖြင့် စစ်ဆေးကြည့်ပါ။

၁၇။ လုပ်စား မိုးခေါင်။

ခိုးစား ခွေးဟောင်။

၁၈။ မီးကြီး မီးနိုင်။

ရေကြီး ရေနိုင်။

၁၉။ နေ့ပြော နောက်ကြည့်။

ညပြော အောက်ကြည့်။

၂၀။ ခွေးပု ရန်လို။

လူပု စိတ်တို။

အထက်ပါ စကားပုံများကို ကြိယာများဖြင့် ဝါကျဆုံးထားသည်။ သို့သော်လည်း ကြိယာများကို အပြည့်အစုံ မပြ။ ဖြတ်ထားသည်။ မည်သည်ကို ဖြတ်ထားသနည်း။ ဖေါ်ကြည့်ပါ။ ထို့ပြင်လည်း အလယ်တည့်တည့်တွင် စကားတလုံးကို ဖြုတ်ထားသည်။ ဖြုတ်ထားသောစကားလုံးသည် ''လျှင်''ဖြစ်သည်ဟုဆိုလျှင် သဘောတူနိုင်ပါမည်လား။

၂၁။ ကြက်မှာ အရိုး။

လူမှာ အမျိုး။

၂၂။ တောင်းမှာ အကွပ်။

လူမှာ အဝတ်။

၂၃။ နေတော့ ပျဉ်ထောင်။

စားတော့ ချဉ်ပေါင်။

အထက်ပါစကားပုံများတွင် ကြိယာရှိပါသလား။ ကြိယာမရှိလျှင် အနက်ပြည့်စုံနိုင်ပါ့မလား။ အနက်မပြည့်စုံလျှင် ဝါကျဖြစ်ပါ့မလား။ သို့ဖြစ်သော်လည်း အထက်ပါစကားပုံများ၏ အနက်ကို လူတိုင်းသိသည်။ အဘယ့်ကြောင့်နည်း။ စဉ်းစားကြည့်ပါ။ ကဗျာရေးသောအခါ ကြိယာမပါပဲနှင့်အနက်ပေါ်အောင် လုပ်ရတတ်သည်။

၂၄။ မရှိတာ ထက်
မသိတာ ခက်။
ဤစကားပုံကား အနက်တစပ်တည်းဖြစ်သော စကားပုံဖြစ်သည်။

* * * * *

လေးလုံး တလှည့် သုံးလုံးတလှည့် စကားပုံအမျိုးမျိုးကို အောက်တွင် ပေးထားသည်။ အထပ်၊ အဟပ်၊ အဖြတ်တို့ကို စစ်ဆေးကြည့်ပါ။ ကြိယာရှိသည် မရှိသည်ကို လေ့လာ၍ ကြိယာကို ကောက်ယူကြည့်ပါ။ ကြိယာမပါ မရှိသော စကားပုံတို့ကိုကား မည်သည်တို့နည်း။ အနက်တစပ်တည်း ဖြစ်သည့်စကားပုံတို့ကို ရှာပါ။

၂၅။ အနာ မသိ
ဆေး မရှိ။

၂၆။ မသိလျှင် မေး။
မစင် ဆေး။

၂၇။ သူ့ကို ငါဖျက်
ငါလျှင် ပျက်။

၂၈။ လင်နှင့်မယား
လျှာနှင့်သွား။

၂၉။ ဟောင်လွန်းတဲ့ခွေး
လူ မလေး။

၃၀။ သမီး တကောင်
နွား တထောင်။

၃၁။ မယား နေစ
ကြောင် သေမှ။

၃၂။ ရွှေကျောင်း ပြောင်ပြောင်
ဆွမ်း ခေါင်ခေါင်။

* * * * *

အသံ သုံးသံစီရှိသော အောက်ပါစကားပုံများတွင် အထပ် အဟပ်သဘောကိုထက် အဖြတ်သဘောကို သိရအောင် စကားပုံများကို စကားပြေဝါကျအဖြစ် ချဲ့ထွင်ရေးကြည့်ကြပါ။

၃၃။ ကျ မြေကြီး။
တက် ရွှေထီး။

ဤစကားပုံတွင် ကြိယာကို ရှေ့ဖျားတင်ထားသည်။

၃၄။ ကိုင်း ကျွန်းမှီ။

ကျွန်း ကိုင်းမှီ။

ဤစကားပုံတွင် ကြိယာကို နောက်ဆုံးထားသည်။ ကိုင်း(ကို) ကျွန်း(က)မှီ (သည်။) ကျွန်း(ကို) ကိုင်း(က) မှီ(သည်။) ဟူ၍ဆိုမည့်အစား ကံပစ္စည်း"ကို" ကတ္တားပစ္စည်း"က"ကြိယာပစ္စည်း"သည်"တို့ကို ချန်ထားခဲ့သည်။ သို့ဖြစ်လျက်နှင့်လည်း အနက်ပြည့်စုံသည်။ ဤသို့ရေးတတ်အောင် လေ့လာပါ။ လေ့ကျင့်ပါ။ ကဗျာရေးလျှင် ဤကိစ္စမျိုး အလွန်လိုပါသည်။

၃၅။ ကောင်းလျှင် စံ။

ဆိုးလျှင် ခံ။

ဤစကားပုံတွင် နာမ်မပါ။ ကြိယာနှစ်လုံးစီ ပါသည်။ အောက်ပါစကားပုံတို့ကိုလည်း စစ်ဆေးကြည့်သင့်ပါသည်။

၃၆။ တွေ့ တွေ့ချင်း

ဆောက်နှင့် ထွင်း။

၃၇။ ခွေး ကျူးချည်

ယုန် ကျူးချည်။

၃၈။ ဖိတ်ချင်း ဖိတ်

အိတ်ထဲ ဖိတ်။

၃၉။ တနေ့ ချွတ်

တလ မွတ်။

* * * * *

သုံးလုံးတလှည့် နှစ်လုံးတလှည့် စကားပုံများလည်း ရှိသေးသည်။

၄၀။ ယောကျ်ား ပျင်း

ကြောခင်း။

၄၁။ မိန်းမ ပျင်း

ခြေဆင်း။

၄၂။ မစားရက်

လောက်တက်။

၄၃။ ကျွမ်းကျင်ရာ

လိမ်မာ။

၄၄။ ကိုယ့် ငါးချဉ်

ကိုယ် ချဉ်။

* * * * *

နှစ်လုံးစီ ရှိသော စကားပုံ စုံတွဲမျိုးကား ရှားသည်။

၄၅။ ရှေ့တိုး
ထမ်းပိုး။
နောက်ဆုတ်
လှည်းထုပ်။

* * * * *

နှစ်လုံးတလှည့် တစ်လုံးတစ်လှည့် စကားပုံကား အထူးရှားသည်။

၄၆။ သားဦး
ရှူး။

ဤသို့ဖြင့် စကားပုံအမျိုးမျိုးကို နည်းအမျိုးမျိုးဖြင့် ခွဲခြမ်းစိတ်ဖြာကြည့်ထားလျှင် ကဗျာရေးသောအခါ များစွာ ကျေးဇူးရှိသည်ကို တွေ့ကြရပါလိမ့်မည် ဖြစ်သည်။

## အခန်း (၃)
## ကာရန်များ

ယခင် တခန်းတွင် လေ့လာခဲ့သော စကားပုံများအနက် အောက်ပါစကားပုံကို ထပ်မံကြည့်ရှုကြဦးစို့။

ရှင်ဘုရင် တခါ(ထွက်)

ပဲကြီး တလှေ (ကျက်။)

ဤစကားပုံတွင် အထက်၌ စာတပိုဒ် အောက်၌ စာတပိုဒ်အားဖြင့် စာနှစ်ပိုဒ်ရှိသည်ကို တွေ့ရမည်။ အထက်စာပိုဒ်သည် (ထွက်)နှင့်ဆုံးသည်။ အောက်စာပိုဒ်သည် (ကျက်)နှင့်ဆုံးသည်။ (ထွက်)ကို "အခံ"ခေါ်၍ (ကျက်)ကို "အအုပ်"ခေါ်ကြောင်း သိခဲ့ကြရပြီး ဖြစ်သည်။ ဤအခံကာရန်နှင့်အအုပ်ကာရန်တို့သည် စာပိုဒ်တို့၏အဆုံး၌ တည်ကြသဖြင့် ယင်းတို့ကို "ပိုဒ်ဆုံးကာရန်"များ ဟူ၍ခေါ်ကြစို့။

ပိုဒ်ဆုံးကာရန်များကို နားလည်ကြရလေအောင် စကားပုံ အရှည် အတိုပေါင်း ၄၆ ကို လေ့လာကြပြီးဖြစ်၍ အကျယ်ချဲ့ရန် လိုတော့မည် မဟုတ်ပါ။ ယခုအခါတွင် တဆင့်တက်ကာ "ပိုဒ်တွင်းကာရန်"များကို လေ့လာဖို့ ရှိသည်။ ပိုဒ်တွင်းကာရန်များ အတွက်လည်း စကားပုံများကိုပင် လေ့လာကြပါမည်။ ဤသို့လေ့လာရာတွင် လွယ်ကူရှင်းလင်းမှု အကျိုးအတွက် လက္ခဏာများကို သုံးလိုပါသည်။ ကာရန်မဲ့စကားလုံးအတွက် အနုတ်လက္ခဏာ(–)ကိုငင်း ကာရန်ထပ်စကားလုံးအတွက် အပေါင်းလက္ခဏာ(+)ကိုငင်း သုံးပါမည်။

၁။ ဆင်းရဲတ(ခါ)။

–––+။

ချမ်း(သာ) တလှည့်။

–+–––။

အထက်ပါ စကားပုံတွင် (ခါ)နှင့်(သာ)တို့သည် ကာရန်ထပ်သော စကားလုံးများဖြစ်ကြ၍ ယင်းတို့ကို အပေါင်းလက္ခဏာ(+)ဖြင့် မှတ်၍ ပြလိုက်သည်။ (ခါ)သည် ပဌမပိုဒ်၏အဆုံး၌ တည်သော်လည်း (သာ)သည် ဒုတိယပိုဒ်၏အတွင်း၌ တည်သဖြင့် ဤသို့ထပ်သောကာရန်မျိုးကို "ပိုဒ်တွင်းကာရန်"ဟု ခေါ်ကြပါစို့။ တဖန် ဆက်၍ စဉ်းစားပြန်သောအခါ (သာ)သည် ချမ်းဆိုသောစကားလုံးတလုံးကို ကျော်၍ တည်သဖြင့် ယင်းကို "တလုံးကျော်ကာရန်"ဟု ခွဲခြားခေါ်ကြပါစို့။ ဤသို့ဖြစ်သောကြောင့် (ခါ)နှင့်(သာ)ကို "ပိုဒ်တွင်း တလုံးကျော်ကာရန်"ဟု ခေါ်ရပေလိမ့်မည်။ ဤစကားပုံနှင့်သဘောတူသော အောက်ပါစကားပုံတို့ကို အနုတ်လက္ခဏာ အပေါင်းလက္ခဏာတို့ဖြင့် မှတ်၍ ကာရန်တို့ကို လေ့လာကြည့်ပါ။

၂။ ငှက်ပျောပင်စိုက်

မိလိုက် ဖပါ။

၃။ လူပြော မသန်

လူသန် မပြော။

၄။ ကမ္ဘာ မီးလောင်

သားကောင် ချနင်း။

၅။ ချီးမွမ်း တပ့်

ကဲ့ရဲ့ ဆရာ။

၆။ ခြေကျိုး ထန်းတက်

အချက် မကျ။

၇။ မိုးသောက် ကြက်တင်

နေဝင် ကောက်လှန်း။

၈။ မုသား မပါ

လင်္ကာ မချော။

* * * * *

အထက်တွင် ဖေါ်ပြခဲ့သော စကားပုံတို့သည် တပိုဒ်လျှင် လေးလုံးရှိသော စကားပုံများ ဖြစ်သည်။ ယခုအခါ သုံးလုံးတပိုဒ် လေးလုံးတပိုဒ်ရှိသော ပိုဒ်တွင်းတလုံးကျော်ကာရန်ပါသည့် စကားပုံများကို ထုတ်ပြပါမည်။

၉။ ဆင် ဟုတ်(ကြောင်း)

--+

နှာ(မောင်း)သက်သေ။

-+--။

၁၀။ ရွှေအကြောင်း

ဖယောင်း သက်သေ။

၁၁။ ထောပတ်ကောင်း

စလောင်းနှင့်ထည့်။

၁၂။ ဟင်းစားကြက်

အတက်ကောင်း ပေါက်။

၁၃။ ဝါးနားပင်း

ရေသွင်း မဝင်။

၁၄။ ဖွဲ့ကို ထောင်း
ဆန်ကောင်း မရ။

* * * * *

သုံးလုံးတပိုဒ် လေးလုံးတပိုဒ် အောက်ကို လျှော့၍ သုံးလုံးတပိုဒ် သုံးလုံးတပိုဒ် အရေအတွက်ညီ စပ်ထားသော စကားပုံများလည်း ရှိသည်။ သူ့အိုးနှင့်သူ့ဆန် တန်ရုံလောက် ကြည့်၍ ၁။ ထပ်သည်၊ ၂။ ဟပ်သည်၊ ၃။ ဖြတ်သည် ဖြစ်သဖြင့် အလွန်အလေးပြု လေ့လာသင့်သော အချက်တရပ်ဖြစ်လေသည်။ ရှေးသူဟောင်းပညာရှင်တို့ ထပ်ပုံ၊ ဟပ်ပုံ၊ ဖြတ်ပုံကို အခန်း ၂ တွင် စစ်ဆေးကြည့်ရှုခဲ့သည့်နည်းအတိုင်း ယခုလည်း စစ်ဆေးကြည့်ရှုကြရာသည်။

၁၅။ မလိမ် (မာ)
–––+။
နှစ်(ခါ) မော။
–+–။

၁၆။ ကိုယ့်ဝမ်းနာ
ကိုယ်သာ သိ။

၁၇။ ငါးစိမ်းမြင်
ငါးကင် ပစ်

၁၈။ အမေကျော်
ဒွေးဒေါ် လွမ်း။

၁၉။ တပည့်ရှာ
ဆရာ တွေ့။

၂၀။ ဖွတ်မရ
မားမ ဆုံး

၂၁။ အရေးကောင်း
ဒိန်းဒေါင်း ဖျက်။

၂၂။ ငါးပွက်ရာ
ငါးစာ ချ။

၂၃။ စကားများ
အမှား ပါ။

၂၄။ သူခိုးလက်
သူဝှက် လု။

* * * * *

ပိုဒ်တွင်း တလုံးကျော်ကာရန်မျိုးကို သိရပြီးနောက် ''ပိုဒ်တွင်း ထိပ်တိုက်ကာရန်''မျိုးကို သိဖို့လိုပြန်သည်။ ဤတွင် ''ထိပ်တိုက်''ဟု ခေါ်ရသည်မှာ ထပ်သော ကာရန်ချင်း ထိပ်တိုက်နေသောကြောင့် ဖြစ်ပါသည်။ အောက်တွင် ဖော်ပြထားသော ဥဒါဟရုဏ်တို့ကို ကြည့်လျှင် သဘောပေါက်ပါလိမ့်မည်။ အပေါင်းလက္ခဏာချင်း ထိပ်တိုက်နေသည်ကို တွေ့ရပါလိမ့်မည်။

၂၅။ သွားကောင်းတ(ယောက်)

−−−+

(ကျောက်)ကောင်း တစေ့။

+−−−။

၂၆။ ဖွတ် မိကျောင်းဖြစ်

မြစ် မချမ်းသာ။

* * * * *

စာလုံးရေကို လျှော့ကြဦးစို့။ လေးလုံးတပိုဒ်မှ သုံးလုံးတပိုဒ်သို့ လျှော့ကြဦးစို့။ အထပ်၊ အဟပ်၊ အဖြတ်ကို စစ်ဆေးလေ့လာပါ။

၂၇။ ငှေ အ (တူ)။

−−+။

၂၈။ ကြောက်လျှင် လွဲ။

ရဲ မင်းဖြစ်။

၂၉။ မဖက် လိုက်

မိုက်ဖက်ပါ။

၃၀။ ဝန်နှင့်အား။

မြှားနှင့်လေး။

၃၁။ ကျေးဇူးကန်း

လမ်းမမြင်။

* * * * *

၃၂။ နွားပိန်(ထူ)

−−+

(လူ)ဌေး။

+−။

၃၃။ မျက်နှာလွှဲ
ခဲ ပစ်။

၃၄။ ဂါထာ ပေး
တေး ဖြစ်။

၃၅။ နဖူးစာ
ရှာလည်။

၃၆။ ငိုချက်လျက်
လက် တို့။

၃၇။ လယ်ထွန်သွား
နွား မေ့။

၃၈။ စကား လွန်
ကျွန် ဖြစ်။

၃၉။ ကျီစားသန်
... ...။

၄၀။ ဆရာများ
... ...။

၄၁။ ထောင်မလဲ
... ...။

* * * * *

ဤအခန်းတွင် သင်ယူခဲ့ရသော ကာရန်တို့ကို ပြန်လည်စဉ်းစားကြည့်လျှင် အောက်ပါတို့ ဖြစ်သည်ကို တွေ့ရလိမ့်မည်။ ယင်းတို့ကို ကျက်မှတ်ထား၍ သဘောအဓိပ္ပါယ်ကို နားလည်အောင် လေ့လာထားကြရာသည်။

၁။ အခံ ကာရန်
၂။ အအုပ် ကာရန်
၃။ ပိုဒ်ဆုံး ကာရန်
၄။ ပိုဒ်တွင်း ကာရန်
၅။ တလုံးကျော် ကာရန်
၆။ ထိပ်တိုက် ကာရန်
၇။ တလုံးကျော် ပိုဒ်တွင်း ကာရန်
၈။ ထိပ်တိုက် ပိုဒ်တွင်း ကာရန်။

# အခန်း(၄)
# ကဗျာ ရေးကြစို့
# ဒွေးချိုး

ကျွန်ုပ်တို့သည် အခန်း ၁ တွင် ကာရန် ၆၄ ပါးကို လေ့လာခဲ့ကြပြီ။ ၁။ အ ကာရန်မျိုး၊ ၂။ အာ ကာရန်မျိုး၊ ၃။ အား ကာရန်မျိုးကိုလည်း အမှတ်ပြုခဲ့ကြပြီ။ မေ့သွားလျှင် ပြန်ကြည့်ကြဖို့ လိုသည်။

အခန်း – ၂ တွင် ၁။ အထပ်၊ ၂။ အဟပ်၊ ၃။ အဖြတ် ဆိုသော စေသုံးလုံးကို စကားပုံများကို အသုံးပြု၍ စစ်ဆေးလေ့ကျင့်ခဲ့ကြပြီ။ ဤစေသုံးလုံးကိုလည်း မမေ့ကြနှင့်။

အခန်း – ၃ တွင် ၁။ အခံပိုဒ်ဆုံးကာရန်၊ ၂။ အအုပ် ပိုဒ်ဆုံးကာရန်တို့ကိုငှင်း၊ ၃။ တလုံးကျော် ပိုဒ်တွင်းကာရန်၊ ၄။ ထိပ်တိုက် ပိုဒ်တွင်းကာရန်တို့ကိုငှင်း သက်သေများထုတ်၍ ရှာဖွေကြည့်ရှုခဲ့ကြပြီ။ အချုပ်အားဖြင့် အောက်ပါအတိုင်း မှတ်သားနိုင်ကြသည်။

| | | |
|---|---|---|
| ၁။ | အခံ | ပိုဒ်ဆုံးကာရန် |
| ၂။ | အအုပ် | |
| ၃။ | တလုံးကျော် | ပိုဒ်တွင်းကာရန် |
| ၄။ | ထိပ်တိုက် | |

အထက်ဖေါ်ပြပါ ကဗျာစပ်ဆိုရေး လက်နက်ကိရိယာအနည်းငယ်ကို အပြန်ပြန်အလှန်လှန် လေ့ကျင့်၍ စကားပုံများကို ကျက်မှတ်ထားလျှင် ကဗျာစပ်ရာတွင်ငှင်း ကဗျာဖတ်ရာတွင်ငှင်း များစွာ အကျိုးရှိလိမ့်မည်။

* * * * *

ယခုအခါ ဒွေးချိုးကဗျာများကို ကျွန်ုပ်တို့ လေ့ကျင့်စပ်ဆိုကြည့်ကြပါစို့။ ဘာအကြောင်းကို စပ်ဆိုရမည်နည်း။ ဘယ်လို စပ်ဆိုရမည်နည်း။ ဤမေးခွန်းများကို ကျွန်ုပ်မဖြေလို။ အောက်တွင် ကျွန်ုပ်ရေးသားထားသော အကြောင်းအရာ၊ ဒွေးချိုးကဗျာ၊ မှတ်ချက်စာတို့ကို ဖြည်းဖြည်းမှန်မှန် စဉ်းစားဖတ်သွားပါ။ ကာရန်အနေအထား စကားအထားအသိုတို့ကို စစ်ဆေးပါ။ ပေးထားသော ကဗျာတို့ကို တတ်နိုင်သမျှ အလွတ်ကျက်ပါ။ တိုးတိုးတမျိုး ကျယ်ကျယ်တမျိုး ဆိုကြည့်ပါ။ အသံနေ အသံထားနှင့်ဆိုတတ်သူထံ ချဉ်းကပ်၍ အဆိုသင်ယူပါ။ အချုပ်အားဖြင့်ကား ၁။ အထပ်၊ ၂။ အဟပ်၊ ၃။ အဖြတ်တို့ကို ဆင်ခြင်လေ့လာကြည့်ပါ။ ထို့နောက် ကဗျာရေးလိုသော စိတ် ပေါ်ပေါက်လာလျှင် ဒွေးချိုးတခုခုကို စံပြု၍ ရေးစပ်ပါလေ။ ရေးပြီးသောအခါ အထက်ပါနည်းတို့ဖြင့် စစ်ဆေးပါလေ။

ပြဆိုအံ့သော ဒွေးချိုးတို့မှာ ၁။ စိုးရိမ်တယ်၊ ၂။ မခံချင်၊ ၃။ နေညိုချိန်နှင့်ပန်းရနံ့။

၄။ ဂုဏ်ဖော်သည်။ ၅။ နတ်ထင်းတောင်၊ ၆။ ဗေဒါ၊ ၇။ ပန်းခွါညို၊ ၈။ ခါငှက်ကိုယမယ်ရှာ၊ ၉။ လမုနှင့်လတာ တို့ဖြစ်ကြသည်။

## ၁။ စိုးရိမ်တယ်

ကောက်စိုက်သမတဦးသည် လယ်ကွင်းတခုတွင် ကောက်စိုက်လျက်ရှိသည်။ ကြည်လင်သော ကောင်းကင်သည် တောင်ဖက်ဆီမှ တမဲမဲတက်လာသောမိုးသားတို့ဖြင့် အုံ့၍မှိုင်း၍ ညို့မှောင်လာသည်။ ခဏကြာလျှင် မိုးကြီးသည်းထန်စွာ ရွာတော့သည်။ လယ်ကွင်းထဲတွင် ရေဖွေးလာသည်။ ရေကန်ထဲတွင် ရေတိုးလာသည်။ ချောင်းထဲမြောင်းထဲတွင် မိုးရေတွေ ဒလဟော စီးဆင်းလာသည်။ ရေလျှံနေသော ဤကွင်းထဲသို့ ဓာတ်မသိသူတစုံတယောက် ရောက်ပေါက်လာလျှင် ရေမြုပ်နေသော ကန်ထဲ ချောင်းထဲ တွင်းထဲ ကျင်းထဲသို့ ကျ၍ရေနစ်နိုင်သည်။ ထို့ကြောင့် ကောက်စိုက်သမကလေး စဉ်းစားသည်။ ဟိုဖက်ကွင်းမှာ လယ်လုပ်နေတဲ့ငါ့ရည်းစားဟာ အိမ်ပြန်ချိန်ကျယင် ငါ့ကို လာကြိုလေ့ရှိတယ်။ သည်လို ရေလျှံနေတုန်းမျိုး လာကြိုလို့ရှိယင် ခက်ရချေရဲ့။ ဘုရားသိကြားမလို့ မကြိုလာပါစေနဲ့ဘုရား။ ဤသို့ သူ စဉ်းစားသည်။ စိုးရိမ်သည်။ ဆုတောင်းသည်။ ဤဇာတ်ကွက်ကလေးတွင် စိတ်ဝင်စားသောတဦးသော အညတရစာဆိုသည် အောက်ပါဒွေးချိုးကို ရေးစပ်ခဲ့သည်။

၁။ ချောင်းရေကလျှံ
—––+(လေးလုံး)

၂။ ကန်ရေကတိုး။
+––ဝ။ (လေးလုံး)

၃။ ကြိုလာပါနဲ့ ရွှေယောင်ရစ်(ကယ်)
––––––+(–)(ခုနစ်လုံး)

၄။ ရေနစ်မှာစိုး။
–+–ဝ(လေးလုံး)

မှတ်ချက်။ ။ကာရန်အနေအထားကို ကြည့်ပါ။ ပဌမအပိုဒ်နှင့်ဒုတိယအပိုဒ်ကို ထိပ်တိုက်ပိုဒ်တွင်းကာရန်ဖြင့် ထပ်ထားသည်။ တတိယအပိုဒ်နှင့်စတုတ္ထအပိုဒ်ကို တလုံးကျော်ပိုဒ်တွင်း ကာရန်ဖြင့် ထပ်ထားသည်။

တဖန် ဝလုံးသင်္ကေတဖြင့် ပြထားသော ဒုတိယအပိုဒ်၏ အဆုံးစာလုံး(တိုး)မှာ အခံပိုဒ်ဆုံးကာရန်ဖြစ်သည်။ စတုတ္ထအပိုဒ်၏ အဆုံးစာလုံး (စိုး)မှာ အအုပ်ပိုဒ်ဆုံးကာရန်ဖြစ်သည်။ ပိုဒ်ဆုံးကာရန်များသည် "အားကာရန်"မျိုး ဖြစ်သည်ကို သတိပြုပါ။

ပိုဒ်ဆုံးကာရန်ဖြင့် သတ်ထားသော စာပိုဒ်စုကို အချိုးတချိုးဟု ခေါ်သည်။ ဤကဗျာတွင် ဤသို့သောအချိုးမျိုး နှစ်ချိုးပါသဖြင့် ဤကဗျာမျိုးကို ဒွေးချိုးဟု ခေါ်သည်။

တတိယအပိုဒ် အဆုံးစာလုံး(ကယ်)ကို ဝိုက်ကွင်းဖြင့် ပိတ်၍ ပြထားသည်မှာ ဤစာလုံးသည် အရေအတွက် မဝင်ဟု ပြောလိုသောကြောင့် ဖြစ်သည်။

ဤဒွေးချိုးကို ရေးရာတွင် ရေးသူ၏စိတ်ထဲ၌ရှိသော အခြေခံစိတ်ထားမှာ ကြင်နာမှု၊ စိုးရိမ်မှုတို့ဖြစ်သည်။ တနည်းအားဖြင့် ပြောရလျှင် ကြင်နာမှု၊ စိုးရိမ်မှုတို့က စေ့ဆော်သဖြင့် စာဆိုသည် ဤကဗျာကို ရေးသည်။ တနည်းအားဖြင့် ပြောရပြန်လျှင် စာဆို၏စေတနာမှာ ကြင်နာမှု၊ စိုးရိမ်မှုတို့ဖြစ်ပေသည်။

## ၂။ မခံချင်

အသားဖြူမှ လူ၊ အေရဲ့–ဟူ၍ မိန်းမတဦးက မဲ့ကာရွဲ့ကာ စောင်းချိတ်ပြောဆိုသည်ကို ကြားရသော အသားညိုချော အပျိုကလေးတဦးသည် မခံချင်ဖြစ်လာသည်။ အို၊ အသားဖြူမှ မြတ်ရမှာလား။ အသားညိုယင်ကော မမြတ်ရဘူးလား။ ထီးထဲနန်းထဲက မင်းသမီးတွေကို ကြည့်စမ်းပါ။ အသားညိုတွေချည်းပဲ။ ဤသို့ စဉ်းစားမိသည်။ ထို့ကြောင့် နှုတ်ခမ်းကလေးကို စူကာ ကဗျာစပ်သည်။

၁။ အသားရယ်ဖြူ

–––+(လေးလုံး)

၂။ လူပါမို့လား။

+––ဝ။ (လေးလုံး)

၃။ အသားတော် ညိုပြာညက်(ကယ်)

–––––+(–)(ခြောက်လုံး)

၄။ နန်းတော်ထက်ဖွား။

––+ဝ။ (လေးလုံး)

မှတ်ချက်။ ။ဤဒွေးချိုးတွင် တတိယအပိုဒ်နှင့်စတုတ္ထအပိုဒ်ကို နှစ်လုံးကျော်အတွင်းကာရန်ဖြင့် ထပ်ထားခြင်းသည် ထူးခြားချက်ဖြစ်သည်။ ဤသို့သော ထူးခြားချက်များကို သတိပြုလေ့လာမှတ်သားကြပါ။ ဒွေးချိုးတပုဒ်နှင့်တပုဒ် ကျပ်ပြား နှစ်ပြားကို ထပ်ထားသလို မတူနိုင်သည်ကို သတိပြုပါ။

ဤဒွေးချိုးကို စီကုံးသူ စာဆို၏စေတနာကား အဘယ်နည်း။ မခံချင်မှုဟုဆိုရပေမည်။ သို့သော် သူ့ရင်ထဲတွင် ဒေါသ အပြင်းအထန် ထွက်နေသည်ဟုကား ယူနိုင်မည် မထင်။

## ၃။ နေညိုချိန်နှင့်ပန်းရနံ့

ဦးမင်းကျော်နတ်ကို ကျွန်ုပ်တို့သည် ချစ်စနိုး၍ ကိုကြီးကျော်ဟု ခေါ်ကြသည်။ ကိုကြီးကျော်သည် ညနေချိန်များတွင် ရပ်ထဲရွာထဲသို့ဝင်၍ လူပျိုကာလသားများနှင့်ခုံညင်းထိုးသည်။

ကြက်တိုက်သည်။ ရက်ကန်းရက်နေသော၊ မောင်းထောင်းနေသော၊ ဆန်ဖွပ်နေသော၊ ရေငင်နေသော အပျိုကာလသမီးများနှင့်ရယ်စရာ မောစရာ စကားပြောသည်။ ညနေစောင်း၍ မိုးချုပ်ခါနီး အနောက်ကောင်းကင်တွင် တိမ်နီတိမ်ဝါတွေ တောက်သောအခါ ရွာအပြင်ဖက်ရှိ နတ်ကွန်းသို့ပြန်သည်။ ရှာပန်းထည်စကလေး ခေါင်းမှာပတ်၍ ရွာကို ကြောပေးကာ တကိုယ်တည်းပြန်သည်။ သို့ပြန်သောအခါ ရွာထဲတွင် ကျန်ရစ်ခဲ့သော လူပျိုအပျိုများက သူ့ကို သနားကြသည်။ လွမ်းကြသည်။ အောက်မေ့ကြသည်။ သို့သော် သူပြန်မည့်လမ်းမှာ တောပန်း တောင်ပန်းတွေ တသင်းသင်းနှင့်ပျော်စရာကြီးပါပဲလေ။ ပြန်ချင်ပေမှာပေါ့ ဟု သူတို့စိတ်ကို ဖြေကြသည်။ သူ စံပျော်ရာ ရွာပြင်ဖက်က နတ်ကွန်းဟာလဲ ညနေချိန် တိမ်တောက်လို့ ဝါဝင်းနေတာမို့ သူ့ခမျာ ပြန်ချင်ပေမှာပဲဟု ဖြေကြသည်။ ဤအချက်ကို ကျွန်ုပ်တို့၏ အညတရစာဆိုက မည်သို့ဖွဲ့ခဲ့ပါသနည်း။

၁။ မိုးချုပ်လို့နေရီ

––––+(ငါးလုံး)

၂။ တိမ်နီက ဝင်း။

–+–၀။ (လေးလုံး)

၃။ ကိုကြီးကျော် ပြန်မဲ့လမ်း(မှာ)

–––––+(–)(ခြောက်လုံး)

၄။ ပန်းရနံ့သင်း။

+––၀။ (လေးလုံး)

မှတ်ချက်။ ။နေဝင်ချိန် မိုးချုပ်ချိန်သည် အချင်းချင်း ခွဲခွါရသည့်အချိန်ဖြစ်သည်။ လယ်ထဲတွင် လယ်သူလယ်သားတို့ ကိုယ့်အိမ်ကိုယ်ပြန်ရသဖြင့် ခွဲခွါကြရသည်။ ယာထဲတွင် ယာသူယာသားတို့ ကိုယ့်အိမ်ကိုယ်ပြန်ရသဖြင့် ခွဲခွါကြရသည်။ စားကျက်ထဲတွင် အစာစားနေသော ကျွဲနွားများပင်လည်း နေဝင်ခါနီးသောအခါ ကိုယ့်ခြံကိုယ့်တင်းကုပ်သို့ ပြန်ကြရသဖြင့် တဘူးဘူး တဘဲဘဲ တညံ့ညံ့အော်မြည်ကာ အချင်းချင်း ခွဲခွါကြရသည်။ ဤအချိန်မျိုး၏ စိတ်ငယ်ဖွယ်အဖြစ်ကို ကျွန်ုပ်တို့၏ အညတရစာဆိုသည် ထိထိခိုက်ခိုက် ခံစားမိပုံရသည်။ ထိုသို့ခံစားမိသည့်အဖြစ်ကို အလွမ်းအဆွေးဖြင့် ဒလဟော မလွမ်းမဆွေးပဲ စိတ်ကို တတ်နိုင်သမျှ ထိန်းသိမ်းချုပ်တည်းကာ အကောင်းဖက်က တွေး၍ "ပန်းရနံ့သင်း"ဟု ရေးလိုက်သည်မှာ ချီးမွမ်းဖွယ် ကောင်းပေသည်။ ကဗျာရေးရာတွင် ထိန်းသိမ်းမှု အလွန်အရေးကြီးသည်။

ဤကဗျာတွင် စာဆို၏ စေတနာကား အဘယ်နည်း။

## ၄။ ဂုဏ်ဖော်သည်

တနေ့သောအခါ တောင်ထွင်းကြီးတွင် မောင်ဥက္ကာနှင့်မောင်ညို သူငယ်ချင်းနှစ်ယောက်သည် ကျောင်းအောက်၌ ကစားနေကြသည်။ မောင်ဥက္ကာသည် ဒေါ်နှင်းဆီ၏ သားဖြစ်သည်။

မောင်ညိုသည် ဒေါ်ဒွေး၏သားဖြစ်သည်။ သူတို့နှစ်ယောက်သည် ကစားအရွယ် သူငယ်ကလေးများသာ ဖြစ်သော်လည်း စကားကြီးစကားကျယ် အလွန်ပြောသည်။ သူတို့ပြောသည်ကို ကြားသော ကျောင်းပေါ်က ဘုန်းတော်ကြီးသည် သူတို့နှစ်ဦးကို ဘယ်သူဘယ်ဝါဟု သိလိုသဖြင့်မေးသောအခါ မောင်ဥက္ကာနှင့်မောင်ညိုတို့သည် ကျောင်းပြင်သို့ထွက်ပြေး၍ အောက်ပါအတိုင်း တယောက်တချိုးစီ ဒွေးချိုးစပ်သွားသည်ဟု အဆိုရှိလေသည်။ သူတို့ကြီးပြင်းသောအခါ သျှင်ဥတ္တမကျော်နှင့်သျှင်မဟာသီလဝံသဟူ၍ စာဆိုကျော်ကြီးများ ဖြစ်သွားကြလေသည်။

စာစပ်ကယ်ပလီ

မယ်နှင်းဆီ၏ သား။

တောင်ကိုပင် လျှောက်ကာပြေး

မယ်ဒွေး၏ သား။

မှတ်ချက်။ ။ဤဒွေးချိုးသည် ရိုးရိုးကလေး ဖြစ်သည်။ သို့သော် သူတို့ပြောလိုသော အချက်တို့ကို ပြည့်စုံအောင် ထည့်သွင်းထားသဖြင့် မှတ်ဖွယ်အလွန်ကောင်းသည်။ ကလေးသူငယ်တို့၏သဘာဝကို ပေါ်အောင် ဖေါ်ထားသည်မှာလည်း သင့်မြတ်ပေသည်။

ကဗျာစပ်ဆိုစီကုံးရာတွင် အလွန်ပလီပလာတတ်နိုင်သော တပည့်တော်တို့နှစ်ဦးဖြစ်ပါသည်ဟု ဂုဏ်ဖေါ်ပြီးနောက် ကလေးတို့ဘာဝ ရှက်ရှက်ကြောက်ကြောက်နှင့်ရောက်မိရောက်ရာ ထွက်ပြေးပုံမှာ ကလေးသူငယ်တို့၏သဘာဝပင် ဖြစ်ပေသည်။

သူတို့နှစ်ဦး၏စေတနာကား အဘယ်နည်း။ ဂုဏ်ဖော်ချင်သောစိတ်ဟု ဆိုလျှင် သင့်ပါမည်လော။

## ၅။ နတ်ထင်းတောင်

ကျွန်ုပ်တို့သည် နတ်ထင်းပင်(ထင်းရှူးပင်)များ ပေါက်ရောက်သော မြင့်မားသည့်တောင်ပေါ်အရပ်တွင် လှည့်လည်သွားလာနေကြသည်ဆိုကြပါစို့။ မတ်စောက်နေသည့်တောင်ထွတ်တခု၏ခြေရင်းကို ရောက်ခိုက်တွင် တောင်၏ကြောဖက်မှ နေ တက်လာလေရာ နေစွယ်ကြီးသည် တောင်ထွတ်ကို နင်း၍ တောင်ကြားတွင်းသို့ မီးမောင်းကြီးပမာ ထိုးဆင်းလာသည်။ အလွန်ကြည့်ကောင်းသဖြင့် မော့ကြည့်လိုက်သောအခါ တောင်ခါးပန်းတွင် တောင်ခိုးတောင်ငွေ့တို့သည် တိမ်ဂွမ်းပုံကလေးများသဖွယ် တန်းလျက်ရှိသည်ကို မြင်ရသည်။ ထိုအခိုက် ထင်ရှူးပင်တို့၏မွှေးကြူသောရနံ့သည် တောင်ကြားလေတွင် ပါလာ၍ သင်းကြူလိုက်ရာ တောင်ကြားတခုလုံးသည် ရေမွှေးပုလင်းကြီး လျှံသကဲ့သို့ အမွှေးနံ့သင်းသွားပါတော့သည်။ ဤအကြောင်းရပ်ကို မည်သို့ဖွဲ့ဆိုမည်နည်း။

တောင်ထိပ်က နေစွယ်

တောင်လယ်က မြူခိုး။

တောင်ခြေမှာ နတ်ထင်းက

သင်းကြူနံ့ဖြိုး။

မှတ်ချက်။ ။အထက်ပါ ဒွေးချိုးကို စစ်ဆေးကြည့်ပါ။ တောင်ထိပ်က နေစွယ်ထိုးသည်။ တောင်လယ်တွင် မြူခိုးဝေသည်။ တောင်ခြေတွင် နတ်ထင်းနံ့မွှေးသည်။ ဤသို့ဝါကျသုံးခုရှိသဖြင့် ကြိယာလည်း သုံးခုရှိသင့်သည်။ သို့သော်လည်း ရှိပါသလား။ သင်းကြူနံ့ဖြိုးဆိုသော ကြိယာတခုကိုသာ ဖော်ပြထားသည်။ ကျန်ကြိယာနှစ်ခုကို မြှုပ်ထားသည်။ သို့သော် အဖြစ်နေရာကျသဖြင့် အဓိပ္ပါယ်ပေါ်လွင်လျက်ပင် ရှိသည်။

## ၆။ ဗေဒါ

ဒီချောင်းအရပ် ရောဝတီမြစ်ပေါက်တခု၏ လတာပြင်ကြီးသည် ကွင်းစပ်မှ နေ၍ မြစ်ထဲသို့ လျှောဆင်းသွားသည်။ ပင်လယ်ဝမှ ဒီရေသည် တဝုန်းဝုန်း မြည်ဟည်းကာ ဇွတ်တရွတ်တိုက်ခိုက်တိုးဝှေ့တက်လာသည်။ ထိုဒီအထက်တွင်ကား ညိုပြာသော ပန်းခိုင်ကိုပန်၍ ဗေဒါပင်ကလေးသည် လှိုင်းစီးလျက် လိုက်ပါလာသည်။ ဒီသည် လတာပေါ်သို့ ပြေးတက်လာသောအခါ ဗေဒါပင်သည်လည်း ပြေးတက်လိုက်လာသည်။ ဒီသည် မြစ်ထဲသို့ လှိမ့်ဆင်းသွားသောအခါ ဗေဒါပင်သည်လည်း လှိမ့်ဆင်းလိုက်သွားသည်။ ဆင်းချည် တက်ချည်၊ တက်ချည် ဆင်းချည်နှင့်လှိုင်းစီးပျော်ပါးနေသော ထိုဗေဒါပင်ကလေးကို ကျွန်ုပ်တို့စာဆိုသည် ကြည်နူးမိ၍ အောက်ပါဒွေးချိုးကို စပ်ဆိုလိုက်သည်။

ညိုပြာပြာ

လတာပြင် ခြေရင်း။

လှိုင်းတက်ရာ ဗေဒါတက်

လှိုင်းသက်ရာ ဆင်း။

မှတ်ချက်။ ။နေရောင်အောက်တွင် ညိုညိုမဲ ကျွဲသတ္တဝါ၏ ကျောက ကုန်းကြီးပမာ လျှောဆင်းနေသော လတာပြင်ကြီးသည် အလွန်တည်ငြိမ်သည်။ ခြေထောက်ကို ကြွကာလှမ်းကာ လမ်းလျှောက်နေတတ်သော ဗျိုင်းအောက် တကောင်စ နှစ်ကောင်စ မရှိပါက တကဲ့အသက်မဲ့သော ကျောက်ဖျာကြီးပမာ ဖြစ်လေတော့သည်။ သို့သော် ဤတည်ငြိမ်သောလတာပြင်ကြီးကို တိုးဝှေ့ရိုက်ခတ်ပြေးတက်လာသော ဒီလှိုင်းနှင့်တွဲဖက်စပ်ဆိုလိုက်သောအခါ ဒီချောင်း၏ ခန္ဓာအိမ်တွင် ဝိညာဉ်ကပ်လျက် လာပါတော့သည်။ ဤသို့အသက်ဝင်အောင် ရေးတတ်ခြင်းသည် ကဗျာ၏ ပရိယာယ်တခု ဖြစ်လေသည်။

## ၇။ ပန်းခွါညို

ပြာသိုလ နှင်းမှုန်ထဲတွင် ခွါညိုပန်းကလေးများ ပြာလဲ့လဲ့နှင့်ပွင့်ကြပြီ။ နေပြည်တော်သို့

ရောက်နေသော လုလင်ပျိုသည် မိမိ၏ဇာတိရပ်ရွာ၌ ကျန်ရစ်ခဲ့သော လုံမငယ်အား ချမ်းချမ်းနှင့် လွမ်းမိသည်။ ထို့ကြောင့် လူကြုံရှာကာ ခွါညိုပြန်းကလေး တခက်နှစ်ခက်ကို လုံမငယ်ထံသို့ ပို့လိုက်သည်။ ပေဖူးလွှာတွင် လွမ်းစာရေး၍ စာခွေလုပ်ကာ ခွါညိုပြန်းနှင့်အတူ ပေးလိုက်သေးသည်။ လုံမငယ်သည် စာခွေနှင့်ခွါညိုပြန်းကို ရလျှင် ဝမ်းသာအားရ ရှိသဖြင့် မျက်ရည်ကလေး တလဲ့လဲ့နှင့်ခွါညိုပြန်းကို နမ်းကြည့်မိသည်။ မေတ္တာအပြည့်နှင့်ပေးပို့လိုက်သော ပန်းများဖြစ်သဖြင့် မွှေးလိုက်သည်မှာ သူတို့ရွာမှ နေပြည်တော်အထိပင် ဖြစ်တော့သည်ဟု ထင်မိသည်။ ဤအချက်ကို ကျွန်ုပ်တို့၏ အညတရစာဆိုက စိတ်ပါလက်ပါ ရေးစပ်လိုက်သည်မှာ အောက်ပါအတိုင်းပင်တည်း။

ရွှေမြို့က ပန်းခွါညို
စာဆိုနှင့် ပေး။
စာဆိုနှင့်ခွါညိုပြန်းရယ်
နန်းမြေထိ မွှေး။

မှတ်ချက်။ ။စာဆို၏စေတနာသည်ကား ချစ်ကြည်လေးစားမှုဖြစ်သည်။ သို့သော် သူ၏ကဗျာထဲတွင် ချစ်ပါသည်၊ ခင်ပါသည်၊ ကြင်နာပါသည်၊ မြတ်နိုးပါသည်ဆိုသော ပလီပလာ စကားများ မပါ။ ချစ်ရေးကြိုက်ရေးကို အတုံးအတစ်မပြော။ သိုသိုဝှက်ဝှက် ကျစ်ကျစ်လစ်လစ်နှင့်မိမိ၏မေတ္တာဓာတ်ကို ပေါ်အောင် ဖေါ်လိုက်သည်မှာ များစွာ မှတ်သားဖွယ် ကောင်းသည်။

### ၇။ ခါငှက်ကို ယမယ်ရှာ

လုလင်ပျိုနှင့်လုံမငယ် နှစ်ဦးသည် ယာတောထဲတွင် ဝါကောက်လျက်ရှိသည်ကြသည်။ သို့မဟုတ် ပဲနုတ်လျက် ရှိကြသည်။ သို့မဟုတ် ပေါင်းသင်လျက် ရှိကြသည်။ အခြားလူကြီးမိဖများလည်း အနီးအနားတွင် ရှိကြသည်။ သူတို့အချင်းချင်း တိုးတိုးတိတ်တိတ် စကားစမြည်ပြောချင်သည်။ လူကြီးများရှိ၍ ပြောခွင့်မရ။ တဦးနှင့်တဦး လူကြီးများ အလစ်တွင် လှမ်းကာ လှမ်းကာ တစိတစောင်း ကြည့်၍ အခွင့်အခါကို စောင့်မျှော်နေကြသည်။ ထိုအခိုက် တောစပ် ချုံဖုတ်ထဲမှ "တက်တက်တူခါးခါး. . . "ဟု ခါငှက်တကောင်က တွန်လိုက်သည်ကို ကြားရသည်။ ထိုအခါ လုလင်ပျိုသည် ခေါင်းကို ဆတ်ကနဲ ထောင်ကာ နားစွင့်လိုက်သည်။ လုံမငယ်လည်း နားစွင့်လိုက်သည်။ ထို့နောက် ဘာမပြော ညာမပြောနှင့် သူတို့နှစ်ဦးသည် ခါငှက်ဖမ်း သွားဦးမည်ဟု ဆိုကာ တောစပ်သို့ ပြေးဝင်ကြလေသတည်း။ ဤဇာတ်ခန်းကို မည်သို့ရေးမည်နည်း။

ရွှေခါညို တွန်လှုပြီ
တောစွန်က လေး။
မောင်နှင့်မယ် ရွှေခါဖမ်း
သွားစမ်းမို့ လေး။

မှတ်ချက်။ ။စာဆို၏စေတနာကို စဉ်းစားကြစမ်းပါ။ ကျွန်ုပ်သည် ကျွန်ုပ်နှစ်

သက်သလို အဓိပ္ပါယ်ပြောလိုက်သည်။ သင်တို့လည်း ဆီလျော်အောင် ကြည့်၍ အဓိပ္ပါယ်ပြောနိုင်သည်။ ဉာဏ်ကစားမှုသည် ကဗျာရေးရာတွင်ငင်း၊ ကဗျာဖတ်ရာတွင်ငင်း အလွန်ကျေးဇူးများသည်။

၉။ လမု နှင့် လတာ

မြစ်ထဲမှာ လတာပြင်ကြီးရှိသည်။ နံ့တွေက ညှိုညှိုမဲမဲနှင့်။ ကမ်းစပ်တွင် လမုပင်တန်းရှိသည်။ အပွင့်တွေက နီနီရဲရဲနှင့်။ ဤမျှကို စာစပ်စမ်းပါဆိုလျှင် မည်သို့စပ်မည်နည်း။ ကျွန်ုပ်တို့၏ ချောင်းကြိုမြောင်းကြား စာဆိုကတော့ ဤသို့စပ်သည်။

လမုပွင့် နီသန္တာ
လတာက ညိုချော။
လတာပြင် လမုတန်း
ကမ်းစပ်က တော။

မှတ်ချက်။ ။ဤကဗျာတွင် မှတ်စရာ နှစ်ချက်ပါသည်။ "လတာက ညိုချော" ဟု ဆိုလိုက်သဖြင့် လတာပြင်ကိုပင် မိန်းမချောကလေးဟု ထင်မြင်လာနိုင်သည်။ ထင်မြင်လာအောင်လည်း ရေးခြင်းဖြစ်သည်။ အမှတ် ၂။ ကဗျာတွင် ကျွန်ုပ်တို့တွေ့ခဲ့သော "အသားတော်ညိုပြာညက်ကယ်"ဆိုသော စာပိုဒ်သည် ဤ"လတာကညိုချော"ဆိုသော စာပိုဒ်ကို ထောက်ခံအားပေးလျက် ရှိသည်။ ဤသို့ အသက်မရှိသည်ကို အသက်ရှိသယောင်ယောင်ဖြစ်အောင် ဖွဲ့ဆိုနည်းသည် ကဗျာ့ကြိယာတရပ် ဖြစ်သည်။ စာသံပေသံနှင့်ပြောရလျှင် "သမာဓိဂုဏ်"မြောက်သည်ဟု ဆိုကြသည်။

နောက်တချက်မှာကား မြစ်ဝကျွန်းပေါ်ဒေသတွင် လမုပင်နှင့်လတာပြင်တို့သည် ကွဲခကောင်းသော အရာများမဟုတ်။ လတာရှိလျှင် လမုပေါက်သည်။ လမုပေါက်လျှင် လတာရှိသည်။ ဇိနတ္ထနှင့်ပကာသနီကဲ့သို့ တွဲလျက်သားရှိကြသောအရာများ ဖြစ်သည်။ ဤအဖြစ်ကို ထင်ရှားပြလိုသော ကျွန်ုပ်တို့၏ ဒီချောင်းစာဆိုသည် လတာနှင့်လမုဆိုသော စကားနှစ်လုံးကို ဤကဗျာတိုကလေးတွင် နှစ်ကြိမ်စီ ထပ်လျက် ဆိုထားလေသည်။ ဤသို့ထပ်ထားသော်လည်း နားမငြီး။ ဖတ်ကောင်းသည်။ ကြားကောင်းသည်။ ထပ်သင့်သောအခါသို့ ရောက်သောအခါ ထပ်ရသည်။ ဤအချက်ကို သတိပြုကြရာသည်။

"လမု"နှင့်"လတာ"တွင် ပါဝင်သော လအက္ခရာ၏ အသံများ ထပ်နေသည်မှာလည်း ကဗျာ၏ အသံကို သာယာစေသည်။ တဝမ်းပူ အသံကလေးများကိုလည်း ရှာကြည့်စမ်းပါ။ ဘယ်နှသံတွေ တွေ့ရပါသလဲ။ သူတို့ကလည်း ကဗျာကို ကတွက်ပေါက်က ရေကျသံကဲ့သို့ တတွတ်တွတ်ညံအောင် တီးခတ်ပေးနေကြသည်။ အသံထွက်၍ ဆိုကြည့်ကြစမ်းပါ။ လျှာဖျားလျှာထိပ်ကလေးသည် အထက်သွား အတွင်းဖက်သွားဖုံးကို လက်နှိပ်စက်ခလုတ်ကဲ့သို့ ဒက်ကနဲ ဒက်ကနဲ တီးနေ

သည်ကို သိရလိမ့်မည်။ ဤသည်တို့လည်း ကဗျာ့ပရိယာယ်များ ဖြစ်ပေသည်။ ဤဒွေးချိုးသည် အနီရောင်၊ အညိုရောင်တို့နှင့်လအက္ခရာသံ တအက္ခရာသံတို့ကို ရောစပ်ဖွဲ့ဆိုထားသော ရှုပါရုံ သဒ္ဒါရုံ တီးလုံးကလေး ဖြစ်လေသည်။

* * * * *

ဤမျှဖြင့် အရိုးဆုံး ဒွေးချိုးရေးနည်းကို ပြလိုက်သည်။ ယခုပြထားသော ဒွေးချိုးကိုး ပုဒ်တွင် အကြောင်းအရာလည်း စုံသည်။ ကာရန်လည်း စုံသည်။ ဟပ်ပုံဖြတ်ပုံလည်း စုံသည်။ ဤသည်တို့ကို လေ့လာရွတ်ဖတ်သီဆို၍ ကြိုးစားရေးသားကြပါလေ။

# အခန်း (၅)
## ဒွေးချိုးအဆက်

ယခင်အခန်းတွင် လေးပိုဒ်မျှသာ ပါဝင်သော ဒွေးချိုးကိုးပုဒ်ကို စံတင်လေ့လာကြရန် အကြောင်းအရာ မှတ်ချက်နှင့်တကွ ဖော်ပြခဲ့သည်။ သို့သော် ဒွေးချိုးကို လေးပိုဒ်မျှမကပဲ မိမိတို့ ဉာဏ်ရှိသလို ချဲ့ထွင် စီကုံးနိုင်သည်ကို သိစေလို၍ ဤအခန်းတွင် ငါးပိုဒ်၊ ခြောက်ပိုဒ်၊ ခုနစ်ပိုဒ်၊ ရှစ်ပိုဒ် ဒွေးချိုးများကို ဖော်ပြလိုက်သည်။

ဤအခန်းတွင်ပါသော ဒွေးချိုးတို့မှာ ၁။ ပြည်ရွှေဘို၊ ၂။ ကန်ညီနောင်၊ ၃။ တင်းထိမ်၊ ၄။ ရွှေကတ္တတ်၊ ၅။ ပိန်းကောမ၊ ၆။ သစ်ရိပ်ပျံ၊ ၇။ ပြန်ချိန်တန်၊ ၈။ စံပယ်နှင့်ခံပန်းတို့ဖြစ်ကြသည်။

### ၁။ ပြည်ရွှေဘို

မုဆိုးပိုမြို့၊ ကုန်းဘောင်မြို့၊ ရန်ကြီးအောင်မြို့၊ ရွှေဘိုမြို့၊ ရတနာသိင်္ဃမြို့ဟူ၍ အမည်ငါးပါးဖြင့် ထင်ရှားသော ရွှေဘိုမြို့၏ကျေးလက်တောနယ်တွင် လယ်ထွန်နေသောသူ သို့မဟုတ် ကောက်စိုက်နေသောသူ သို့မဟုတ် စပါးရိတ်နေသောသူ သို့မဟုတ် အခြားတာဝန်တခုခုကို ဆောင်ရွက်နေသောသူတဦးသည် ရှိသည်ဆိုကြပါစို့။ သူသည် မိမိအပေါ် ကျရောက်လာသည့်တာဝန်ဝတ်တရားအရ အမှုဆောင်ရွက်နေသော်လည်း မိမိ၏ဇာတိရပ်ရွာဖြစ်သော သို့တည်းမဟုတ် လွတ်လပ်မှု၏ အထိမ်းအမှတ်ဖြစ်ရာ ရွှေနန်းတော်ကြီးရှိသော ရွှေဘိုမြို့သို့ ပြန်လည်လိုသည့်ဆန္ဒရှိပေမည်။ ထိုအခိုက် ညနေစောင်း၍ တနေ့အတွက် တာဝန်ပြီးခါနီး ရွှေဘိုမြို့ဆီမှ မြည်ဟည်းလာသော ပဟိုရ်စည်၏နောင်ဒိုင်းသံကို ကြားရသောအခါ ရွှေမြို့တော်သို့ မျက်နှာမူကာ အလုပ်မှ ထွက်ခွါလာလေတော့သည်။ ဤအကြောင်းကို ကျွန်ုပ်တို့၏စာဆိုက ဤသို့ ဖွဲ့လိုက်သည်။

ရန်ကြီးအောင်
ကုန်းဘောင်မြို့ကျေး။
နေညိုညို
စည်တော်သံ ချိုလှတယ်
ယွန်းစိုကြလေး။

မှတ်ချက်။ ။"ရန်ကြီးအောင်"ဆိုသောအမည်၊ "နေညိုညို"ဆိုသောအချိန်၊ "စည်တော်သံ"ဆိုသောစကားတို့တွင် အဓိပ္ပါယ်အများအပြား ကိန်းအောင်းလျက်ရှိသည်။ ရန်ကုန်ဟု ဆိုလိုက်လျှင် ရွှေဒဂုန်စေတီ၊ ကန်တော်ကြီး၊ တိရစ္ဆာန်ရုံ၊ ဗိုလ်ချုပ်ပန်းခြံ၊ လွတ်လပ်ရေးကျောက်တိုင် စသောကြည်ညိုဖွယ်၊ ပျော်ရွှင်ဖွယ်၊ အားတက်ဖွယ် သဘောတို့ကို မြင်ယောင်ထင်ယောင်လာရသကဲ့သို့ "ရန်ကြီးအောင်"ဟု ဆိုလိုက်လျှင် အလောင်းဘုရားဦးအောင်ဇေယျနှင့်တ

ကာ့ လွတ်လပ်ရေးတပ်မတော်ကြီး စသည်တို့ကို မြင်ယောင်ထင်ယောင်လာတော့သည်။ ထို့ကြောင့် ဤကဗျာတွင် ဤအမည်ကို ထည့်ထားသဖြင့် အဓိပ္ပါယ်အများ ပြည့်လျှံနေသည်ကို သတိပြုကြရာသည်။

"နေညိုညို"ဆိုသောစကားတွင် တနေ့တာ အလုပ်ပြီးပြီ၊ တာဝန်ကျေပြီ၊ အမောဖြေချိန်ရောက်ပြီ၊ မိသားစုနှင့်ပြန်လည်ဆုံတွေ့ရတော့မည်ဆိုသော အနုသယသဘောများ ကိန်းအောင်းနေသည်။

"စည်တော်သံ"ဆိုသော စကားတွင်ကား ကိုယ့်မင်းကိုယ့်ချင်းနှင့် အချုပ်အချာအာဏာ ပိုင်ဘဝဆိုသည့်သဘောသည် ကိန်းအောင်းလျက် ရှိသည်။ ကိုယ့်မင်းကိုယ့်ချင်းသဘောမျှမက သေး၊ အုပ်ချုပ်ရေးဗဟိုဌာန၊ ယဉ်ကျေးမှုဗဟိုဌာန၊ စီးပွါးရေးဗဟိုဌာန၊ သာသနာရေးဗဟိုဌာန စသော အရေးကြီးသည့်ဌာနအသီးသီးတည်ရှိရာ နိုင်ငံတော်၏ အချက်အချာ ဖြစ်သည်ကိုလည်း ဤ"စည်တော်သံ"က ညွှန်ပြလျက်ရှိသည်။

ကဗျာတပုဒ်ကို ကြိုက်လာသောအခါ သို့တည်းမဟုတ် စကားတလုံးကို နှစ်သက်လာသောအခါ သာမန်အားဖြင့် ဖေါ်ပြထားသည့်ဝါဟာရတ္ထ(ဝါဟာရအနက်)ကိုငင်း၊ ပိဏ္ဍတ္ထ(အပေါင်းအနက်)ကိုငင်း၊ အဝယဝတ္ထ(အစိတ်အနက်)ကိုငင်း၊ ဖောက်ထွင်းကျော်ဖြတ်၍ အနုသယသဘောများကို ကြံပါ။ ရှာဖွေပါ။ ကဗျာတို့မည်သည် နေရောင်ထိသော စိန်ကောင်းကျောက်ကောင်းပမာ အရောင်အမျိုးမျိုးဖြင့် တောက်ပလျက်ရှိရာ အရောင်တမျိုးတည်းစွဲ၍ အမည်မှည့်လို့မဖြစ်။ တရားသေစကားဖြင့် တကြောင်းစွဲပြော၍မရ။ မိမိ၏ဉာဏ်ထက်သမျှ သွက်သမျှ သက်သမျှ ကဗျာထဲမှ အနက်တို့ကို နှိုက်ထုတ်၍ ရနိုင်သည်ကို အမြဲသတိပြုကြရာသည်။ ကဗျာကောင်းလျှင် ကောင်းသည့်အလိုက် တကြိမ်ကြည့်လျှင် အဓိပ္ပါယ်တမျိုးထွက်နိုင်သည်။ လူတယောက် မြင်သည့်အမြင်နှင့်တခြားလူတယောက် မြင်သည့်အမြင်ချင်းလည်း တူချင်မှ တူပေမည်။ ဉာဏ်တံခါးကို ဖွင့်၍ထားလေ။

## ၂။ ကန်ညီနောင်

မန္တလေးတောင်၏ အနီးတွင် အောင်ပင်လယ်ကန်နှင့်နန္ဒာကန်ရှိသည်။ ထိုကန်တို့တွင် ကြာပန်းအမျိုးစုံ ဖူးပွင့်လျက်ရှိသည်။ ရေပြည့်နေသဖြင့် တကန်နှင့်တကန် ဆက်စပ်လျက်ရှိသည်။ ရေမျက်နှာပြင်သည် တိုက်လာသော လေနှင့်ထိတွေ့သောအခါ ဂယက်တို့ ထလျက် လှုပ်ရှားနေသည်။ လေပြင်းသောအခါ လှိုင်းကြက်ခွပ်များပင် ခုန်တက်၍ လှိုင်းတလုံးနှင့်တလုံးသည် ကြက်ဖများ ခွပ်သကဲ့သို့ ခွပ်နေသည်မှာ ဖွေးဖွေးဖြူနေတော့သည်။ ဤသို့ကျယ်ပြန့်၍ ဂယက်များ လှိုင်းများနှင့်ပြည့်နေသော ရေပြင်ကြီးသည် ပင်လယ်ကြီးနှင့်တူပါတော့သည်။ ဤအကြောင်းကို တဦးသော စာဆိုသည် ဤသို့ ဒွေးချိုးရေးခဲ့သည်။

အောင်ပင်လယ်နှင့်နန္ဒာ
ကြာစုံက မွှေး။
တကန်ကို နှစ်ကန် ဆက်ပါလို့
ဂယက်တွေ ပင်လယ်နှိုင်းသင့်တယ်
လှိုင်းကြက်ခွပ် ဖွေး။

မှတ်ချက်။ ။စာဆိုသည် မိမိမြင်သမျှ တွေ့သမျှကို ရုပ်လုံးပေါ် အောင် ဖွဲ့ဆိုသည်၊ သည်ကဲထဲမှာ လေ့စီး၍ လှည့်လည်လိုသည်၊ သည်ကို မြင်တော့ ချစ်သူကို လွမ်းသည် စသော မိမိ၏ အလိုဆန္ဒ မိမိရင်တွင်း၌ ဖြစ်ပေါ် ခံစားမှုတို့ကို တလုံးတပါဒမျှ မဖော်ပြချေ။ သို့သော် ကျွန်ုပ်တို့၏ စာဆို၏ စိတ်သည်ကား တည်ငြိမ်သည်မဟုတ်၊ ချောက်ချားလျက် ရှိသည်။

ကန်ပေါင်ရိုး တနေရာတွင်ရပ်၍ လှမ်းမျှော်ကြည့်လိုက်သောအခါ ရေပြင်ကျယ် ဖြူဖြူဖွေးကြီးကို မြင်ရသည်။ ဂယက်ကလေးများ ရိုက်နေသည်ကို တွေ့ရသည်။ လှိုင်းကြက်ခွပ်များ ထနေသည်ကို ကြုံရသည်။ ထိုအခါ သူ အံ့သြသည်။ အားရသည်။ နှစ်သက်သည်။ ဝမ်းသာသည်။ ထိုသို့အံ့သြမိ၊ အားရမိ၊ နှစ်သက်မိ၊ ဝမ်းသာမိသည်တို့ကို မျိုသိပ်၍ မထားနိုင်။ ထို့ကြောင့် ဤကဗျာကို ရေး၍ ဥဒါန်းကျူးလိုက်ခြင်း ဖြစ်သည်။

သက္ကရာဇ် ၁၁၅၀ ပြည့်နှစ်တွင် ဘိုးတော်ဘုရားသည် မန္တလေးတောင်၏ တောင်ဖက်၌ အောင်ပင်လယ်ကန်ကို အသစ်ပြုစုသည်။ မြောက်ဖက်၌လည်း မောင်းမကန်ကို အသစ်ပြုစု၍ နန္ဒာကန်ဟု အမည်သစ်ပေးသည်။ ယင်းကန် နှစ်ခုသည် ရေပြင်ချင်း စပ်၍ ပဒုမ္မာကြာဖြင့် ပြည့်သည်ဟု ရာဇဝင်ကျမ်းများတွင် အဆိုရှိသည်။

## ၃။ တင်းထိမ်

အပျိုကလေးတဦး ရက်ကန်းစင်တွင် တချွင်ချွင်နှင့် လက်ခတ်ခတ်ကာ ရက်ကန်းရက်နေသည်။ သူငယ်ချင်းတယောက်က တွေ့မြင်၍ ဘာများရက်နေသလဲဟု မေးသည်။ အဆန်းတကြယ် အဖိုးတန် အထည်တွေ ရက်နေသည်မဟုတ်ပါ။ နေ့စဉ်သုံးရသည့်တင်းထိမ်စောင် ရက်နေခြင်းမျှဖြစ်ပါသည်။ တင်းထိမ်ဆိုသည်မှာ စောင်အဖြစ်နှင့်ခြုံ၍လည်း ရသည်။ ကုလားကာအဖြစ်နှင့်ကာ၍လည်း ရသည်။ တင်းထိမ်ကို ရက်တော့ ချွေတာရာ ရောက်ပါသည်ဟု ပြန်ဖြေလိုက်သည်။ ဤအမေးအဖြေကို စာဆိုက ဤသို့ရေးစပ်လိုက်သည်။

ပျိုလေးရက်တဲ့ရက်ကန်းစင်
ဘာစင်လို့ မေး။
မေးပါနဲ့အေ
တို့တတွေ ချွေတာခြင်းကြောင့်
တင်းထိမ်တဲ့လေး။

မှတ်ချက်။ ။ကဗျာရေးသူတို့သည် အကြီးအကျယ် အခမ်းအနားများကိုသာ ဖွဲ့ဆိုရေးသားသည်မဟုတ်၊ နေ့စဉ် တွေ့ကြုံဖြစ်ပျက်နေသည့်အသေးအဖွဲ့ကလေးတို့ကိုလည်း ဖွဲ့ဆိုရေးသားသည်။ အထက်ပါ ကဗျာကို ရေးသည့်စာဆိုသည် သူငယ်ချင်းနှစ်ယောက် မေးသည် ဖြေသည်ကိုပင် သီဆိုချင်ဖွယ် ကောင်းအောင် ဖွဲ့တတ်သည်မှာ ချီးမွမ်းစရာဖြစ်သည်။ ဤကဗျာထဲတွင် သူငယ်ချင်းနှစ်ဦး ခင်မင်ရင်းနှီးပုံ၊ တဦးအကြောင်းကို တဦးက ဂရုစိုက်ပုံတို့ကို တွေ့ရသည်။ ဤသည့်အချက်တို့သည် လူမှုဆက်ဆံရေး၌ အလွန်အရေးကြီးသည်ကို စာဆိုသည် သတိပြုမိပုံရသည်။ ထို့ကြောင့် ဤအချက်တို့ကို အသားပေး၍ ရေးလိုက်ပုံရသည်။

## ၄။ ရွှေကတ္တတ်

မန္တလေးတောင်ထိပ်ဆီတွင် လေတိုက်သံ မိုးချုန်းသံတို့ ဆူညံလျက် ရှိပြီ။ မကြာမီ မိုးကြီး သည်းထန်စွာ ရွာတော့မည်။ မိုးရွာလျှင် လယ်ခွက်တွေထဲကို ရေဝင်တော့မည်။ လယ်ခွက်များ အစေ့အန့် ရေဝင်ရအောင် ကန်သင်းရိုး တာရိုးတို့တွင် ရှိသည့် ကတ္တတ်ပေါက်များမှ မြေစိုင်ခဲတို့ကို ဖယ်ရှား၍ ဖွင့်ခဲ့ကြပါ။ ဖွင့်ခဲ့ကြပါစို့။ ဤကဲ့သို့ မိုးမျှော်နေသည့်လယ်သမားများ မိုးရိပ်လေရိပ်ကို မြင်သောအခါ ဝမ်းသာအားရနှင့်အော်ဟစ်ပြောဆိုနေသည်ကို လယ်သမားစာဆိုက ဤသို့ ရေးလိုက်သည်။

ရွှေမန်းဆို တောင်တော်ဦးက<br>
ကျူးလာတဲ့ မိုးသံငယ်<br>
အုန်းညံ့ခြိမ့် ကြွေး။<br>
တာတော်ခွင်<br>
ရေဝင်အောင် ရွှေကတ္တတ်ကို<br>
မင်း လှတ်ခဲ့လေး။

မှတ်ချက်။ ။စပါးစိုက်ချင်လျှင် ရေရှိရသည်။ မိုးရွာမှ ရေရသည်။ ရေရမှ လယ်ထွန်ရသည်။ လယ်ထွန်ပြီးမှ စပါးစိုက်ရသည်။ ထို့ကြောင့် လယ်သမားများသည် မိုးကို တကြသည်။ မိုးကို မျှော်ကြသည်။ မိုးမရွာလျှင် လွန်ဆွဲကြသည်။ ငရုံ့မင်းပရိတ် ရွတ်ကြသည်။

ဤကဗျာတွင်ကား မိုးသံလေသံတွေ ကြားရလို့ လယ်သမားတွေ အားရနေပုံကို ကျွန်ုပ်တို့စာဆို ဖွဲ့လိုက်သည်။ မန္တလေးတောင်ထိပ်ဆီမှာ မိုးသားတွေ တက်ပြီး ညိုမှိုင်းလာပြီ။ ခြိမ်းခြောက်ဟောက်လိုက်သည့်မိုးသံကလဲ ညံလို့ပါပဲ။ တအုန်းအုန်းနှင့်ညံလို့၊ တခြိမ့်ခြိမ့်နှင့်ကြွေးလို့၊ အားရစရာကြီး။ ဝမ်းသာစရာကြီး။ သူတို့တမ်းတနေကြသော ကိုရွှေမိုးကြီး ဒေဝေါကြီး ရွာတော့မည့် လယ်သမားများ ပျာလောင်ခတ်ကြတော့သည်။ ခြေမကိုင်မိ လက်မကိုင်မိနှင့် ရှိကြတော့သည်။ ထယ်သွားချွန်ရမလို ထွန်သွားတပ်ရမလိုနှင့် ရှိတော့သည်။ ဤသို့ ဝိုးတိုးဝါးတား ဖြစ်နေရာမှ ခဏအကြာတွင် သတိရလာ၍ အမှန်ကို မြင်ကာ မိုးရွာလျှင် ကတ္တတ်ပေါက်တွေကို ဖွင့်ရမည်တကားဟု

ပြောကြဆိုကြ အော်ကြ ဟစ်ကြတော့သည်။ ဤအချက်တို့ကို ကျွန်ုပ်တို့စာဆိုသည် ပေါ်အောင် ဖော်တတ်ပေသည်။

## ၅။ ပိန်းကောမ

ရောဝတီမြစ်ထဲတွင် ပိန်းကောမ လှေကြီးကို ကြည့်ပါ။ သူ၏ဦးပိုင်းသည် ကော့၍ပွဲပိုင်းသည် ထောင်နေပါသည်။ သူ့တွင် ကုန်လည်း တင်ရပါသည်။ လူလည်း စီးရပါသည်။ ယခု လေငြိမ်နေ၍ ရွက်မတိုက်နိုင်ပါ။ ထို့ကြောင့် လှေသမားအချို့က ထိုးဝါးထိုး၍ လှေကို ရွေ့စေပါသည်။ လှေသမားအချို့ကမူ ကမ်းသို့တက်၍ ကိုယ်ခန္ဓာတယိုင်ယိုင်နှင့် ကြိုးဆွဲကာ ရွေ့စေပါသည်။ ဤသို့တရွေ့ရွေ့နှင့်အညာသို့ ဆန်နေသော ပိန်းကောမကြီး အကြောင်းကို ကျွန်ုပ်တို့၏မြစ်ကြောင်းစာဆိုက ဤသို့ ပုံဖော်ဖွဲ့ဆိုလိုက်ပါသည်။

ဦးကော့လို့ ပွဲထောင်
ကုန်လျှောင်လို့ လူစီး။
ထိုးဝါးကို ကိုင်
ကြိုးဆွဲသူ တယိုင်ယိုင်နဲ့
ရွက်တိုင်ကို လေမသိမ်းတယ်
ပိန်းကောမကြီး။

မှတ်ချက်။ ။ဤကဗျာ၏ အသံနေအသံထားသည် ဆိုလိုရင်း အနက်အဓိပ္ပါယ်နှင့်အလွန်ကိုက်ညီသည်ဟု ထင်မိသည်။ ပိန်းကောလှေကြီးသည် ပက်ကျိသွားသလို တရွေ့ရွေ့တွားသွားလျက်ရှိသည်။ ခပ်ဝေးက မြင်ရလျှင် ရွေ့သည်ကိုပင် သတိပြုနိုင်မည် မထင်။ ထိုနည်းတူစွာ ဤကဗျာတွင်းရှိ စာလုံးတို့သည် အလွန်လေးကန်သည်ဟု ထင်မိသည်။ ကျွန်ုပ်သည် အကြိမ်ကြိမ်ဖတ်ကြည့်သည်။ "ကန်ညီနောင်"ကဗျာကို ဖတ်ရသကဲ့သို့ သွက်သွက်မြန်မြန် ဖတ်၍မရ။ လေးလေးကန်ကန်သာလျှင် ဖတ်၍ရသည်။ ကဗျာ့အနက်အဓိပ္ပါယ်၏ညို့မှုကို ခံနေရ၍လား။ သို့တည်းမဟုတ် စာလုံးများကပင် တကယ်လေးကန်၍လား။ ကျွန်ုပ် မတွေးတတ်ပါ။ လေမတိုက်၍ ရွက်မတိုက်နိုင်ပုံ၊ လှေသမားတို့ ထိုးဝါးထိုးရပုံ၊ ကမ်းသို့တက်ကာ ကြိုးဆွဲရပုံတို့ကို တိုတိုကျဉ်းကျဉ်း ပေါ်လွင်အောင် ရေးနိုင်သည်ကို သတိပြုလေ့လာသင့်ပေသည်။

## ၆။ သစ်ရိပ်ပျံ

မြစ်ဆိပ်ကမ်းပါး သစ်ပင်ရိပ် ကောင်းကောင်းတွင် လဲလျောင်းကာ မြစ်ထဲသို့ ကြည့်မျှော်လိုက်သောအခါ ပျော်စရာ ရှင်စရာတွေကို မြင်ရပါသည်။ မြစ်ထဲတွင် လှေကလေးများ စုန်ကာဆန်ကာနှင့်သွားလာနေကြပါသည်။ သူတို့သွားကြလာကြသောအခါ ရေယက်ကလေးများ အစင်းအစင်း ပေါ်ကြ၍ ရေယက်ပန်း အကြားတွင် သစ်ပင်ရိပ်များသည် တလှုပ်လှုပ် တရွရွ ပျံနေကြ

သည်မှာ အလွန်ဆန်းကြယ် တင့်တယ်ပါပေသည်တကား။

သစ်ရိပ်မှာ ငါအိပ်လို့
မြစ်ဆိပ်က ငါမျှော်
ပျော်တယ်ကွဲ့ လေး။
လှေလောင်း စုန်ဆန်နှင့်
သစ်ရိပ်ပျံ့ ရေယက်ပန်းမှာ
ဆန်းတင့်တယ် လေး။

မှတ်ချက်။ ။"ပိန်းကောမ"ဒွေးချိုးသည် အလွန်လေးဆေးငြိမ်သက်သည်။ ထို နည်းတူစွာ သစ်ရိပ်ပျံ့ကဗျာ၏ ပဌမအချိုးသည် အလွန်လေးဆေးငြိမ်သက်သည်။ ပိတ်ကားတွင် ရေးခြယ်ထားသော ပန်းချီကားပုံနှင့်ပင် တူတော့သည်။ သူ့ကို ဖတ်မိသောအခါ အိပ်ငိုက်၍ သမ်း ဝေလာချင်တော့သည်။ သို့သော်လည်း ဒုတိယအချိုးက လေးဆေးငြိမ်သက်ခြင်းကို ဖြိုခွင်း၍ ပိတ်ကားပေါ်က ရုပ်ရှင်ပမာ လှုပ်ရှားလာစေသည်။ လှေကလေးများ စုန်ဆန်သွားလာနေပုံ၊ ဂ ယက်ကလေးများ တခုကို တခု ပူးတွဲရိုက်ခတ်ကာ ပြေးလွှားနေကြပုံ၊ ကြည်လင်သော ရေထဲတွင် သစ်ပင်ရိပ်တို့ တလက်လက် လှုပ်ရှားနေပုံတို့သည် ကဗျာဖတ်သူအား လှုပ်နိုးဆွဲယမ်းနေသကဲ့သို့ ရှိတော့သည်။

## ၇။ ပြန်ချိန်တန်

နေမင်းသည် အရောင်ညှိုး၍ ဝင်ခါနီးပါပြီ။ ကျွန်တော်မ၏ မောင်တော်သည်လည်း ပု သိန်ပုဝါကို ပေါင်း၍ ပြန်လာချိန် တန်ပါပြီ။ ထို့ကြောင့် အိမ်တော်ပေါ်က နေပြီးလျှင် အထပ်ထပ် မျှော်၍ အကြိုတော်လွှတ်ရသည်မှာ ကိုးကြိမ်ကိုးခါ ရှိပါပြီ။

နေမှိန်မှိန်
ဆင်ဗောင်းတော် ရွှေပုသိန်နှင့်
လာချိန်တန်တော့။
ထပ်ထပ်ကယ်မျှော်
ပြာသာဒ်ကယ် ဆောင်ဘုံပေါ်က
အကြိုတော် သည်မယ်ထောက်ရတယ်
ကိုးခေါက် ပြန်ပေ့။

မှတ်ချက်။ ။ဤဒွေးချိုး၏ လေသံသည် အထက်ဒွေးချိုးများ၏ လေသံနှင့်မတူ သည်ကို သတိပြုပါ။ ကျေးလက်တောရွာသံနှင့်ထီးသံနန်းသံ ကြဲ့ကွန်းသံတို့၏ ထူးခြားချက်ကို ဤ တွင် တွေ့နိုင်သည်။

အထက်ကဗျာတို့တွင် စား၊ ဝတ်၊ နေရေးကို ဗဟိုပြု၍ ကဗျာဉာဏ်ကွန့်မြူးရသည်ကို

ၚင်း၊ သဘာဝအလှတွင် စိတ်ဝင်စား၍ ကျူးရင့်သီဆိုသည်ကိုၚင်း တွေ့ရသည်။ ဤကဗျာတွင်ကား ကျွန်ုပ်တို့၏ဇာတ်လိုက်မင်းသမီးသည် စားရေးအတွက်လည်း မပူရ။ ဝတ်ရေးအတွက်လည်း မပူရ။ နေရေးအတွက်လည်း မပူရ။ သူ ပူရသောအရေးကား လွမ်းရေးဖြစ်လေသည်။ ဥမ္မာဒန္တီပျို့တွင် ဆိုသကဲ့သို့ "ပြည်ထဲရေးနှင့်၊ ဝမ်းရေးတို့ထက်၊ လွမ်းရေးခက်၏"ဖြစ်နေသည်။ သူ့ကဗျာ၏နယ်သည် သူနှင့်သူ့ချစ်သူမျှသာ ဖြစ်သည်။ အပြင်လောကကြီးသည် သူတို့နှင့်မသက်ဆိုင်သကဲ့သို့ ရှိသည်။ ကျွန်ုပ်တို့၏မင်းသမီးသည် အပျိုတော်များကို တယောက်ပြီးတယောက် စေလွှတ်၍ မောင်တော်ကို အကြိုခိုင်းကာ ဗျာများလျက်နေရသည်ကို အရသာခံစားနေသကဲ့သို့ ထင်မိ၏။ သူ၏အမြင်၊ သူ၏အတွေး၊ သူ၏ခံစားမှု၊ သူ၏ပြုမူပုံတို့ကား ကျယ်ပြန့်သော လောကကြီး၏အပြင်ဖက်တွင် ရှိယောင်တကား။ သူ၏ "နေမှိန်မှိန်"သည် "ပြည်ရွှေဘို"တွင်ပါသော လယ်သမား၏ "နေညိုညို"နှင့်တချိန်တည်းပင် ဖြစ်သော်လည်း အိမ်တော်နန်းတော်တို့ကို ရွှေရောင်တောက်စေသော နေခြည်နှင့်တောတောင် မြက်ခင်းတို့ကို စိမ်းလဲ့စေသော နေခြည်တို့၏ထူးခြားချက်ကား ပေါ်လွင်လျက်ရှိလေသည်။

၈။ စံပယ် နှင့် ခံပန်း

စံပယ်ပန်းမပေါ်ခင် ခံပန်းကို အသုံးပြုသည်၊ စံပယ်ပန်းပေါ်လာသောအခါ ခံပန်းကို စွန့်ပစ်သည်ဆိုသောအကြောင်းကို အောက်ပါဒွေးချိုးတွင် ဖွယ်ဖွယ်ရာရာ ပလီပလာ တွေ့နိုင်သည်။

ပန်းစံပယ်
နန်းလယ်မှာ မပေါ်ခိုက်ဟာမိ
အလိုက် တော်တန်သင့်ရုံပ
ခံပွင့်ကို ကုံး။
နန်း ရဝေ
မန်းမြေမှာ စံပယ်လှိုင်တော့
ခံပန်းခိုင် ယာယီရွှေ့တယ်
တောလေ့ရွာသုံး။

မှတ်ချက်။ ။ဤဒွေးချိုးသည် မိမိပြောလိုသော ကိစ္စကို တိုက်ရိုက်မပြောပဲ သွယ်ဝိုက်၍ ပြောထားသော ဝက်ဝုတ္တိအလင်္ကာဆံသည့်ဒွေးချိုးမျိုး ဖြစ်သည်။ ဤကဗျာ၏နယ်ပယ်သည်လည်း မကျယ်ပြန့်။ တခုသော လူ့အဖွဲ့အစည်း၏တရားမျှတမှုကင်းပုံကို ဖေါ်ပြထားသည်ဟုဆိုလျှင်လည်း ရတန်ပါသည်။ သို့သော်လည်း အချုပ်အားဖြင့်ကား မိမိ အလိုမပြည့်သည်ကို နှုတ်ခမ်းကလေးစူ၍ ရန်တွေ့စကားပြောကာ ထုတ်ဖော်ပြောပြခြင်းမျှသာ ဖြစ်သည်။ စကားလုံးကလေးများ လှသည်။ အသံကလေးများ သာသည်။ ကာရန်ကလေးများ ချိုသည်။ သို့သော်လည်း

သူ၏ အရိပ်အာဝါသကား တကိုယ်လုံးမျှ ဖြစ်သည်တကား။

* * * * *

ယခုအခါ "ကဗျာရေးချင် စာစပ်သင်" အခန်းကို အဆုံးသတ်လိုက်ပြီ။ အထက်တွင် ဖော်ပြခဲ့သည့်ထပ်ပုံ၊ ဟပ်ပုံ၊ ဖြတ်ပုံ စသည်တို့ကို နိုင်နိုင်လေ့ကျင့်ဝေဖန်ဆွေးနွေးပေးလျှင် ဒွေးချိုးကို ပိုင်ပိုင်နိုင်နိုင် ရေးတတ်လာမည်။ ဒွေးချိုးကို ပိုင်နိုင်လျှင် အခြားကဗျာတို့ကို ကူးပါလေ့။ နားလည်ပါလိမ့်မည်။ ချွေတာရေးနှင့်စည်းကမ်းသေဝပ်မှုကိုသာလျှင် မျက်ခြည်မပြတ်ပါစေနှင့်။

# အခန်း(၆)
# ကဗျာဆိုသည်မှာ အဘယ်နည်း

ကဗျာဆိုသည်မှာ အဘယ်နည်း။ ကမ္ဘာ့စာပေလောကတွင် ဤမေးခွန်းကို မေးခဲ့ပေါင်း များပြီ။ ဖြေခဲ့ပေါင်းလည်း များပြီ။ ဤနေရာတွင် ကျွန်တော်ကား လွယ်လွယ်ပင် ဖြေလိုပါသည်။

လွန်ခဲ့သော နွေရာသီအခါက ကျွန်တော်သည် ပေလီကမ်းခြေ လူရည်ချွန်စခန်းသို့ ရောက်ခဲ့ပါသည်။ ပေလီကမ်းခြေ ပင်လယ်စပ် သဲသောင်တွင် ခရုခွံ အမျိုးမျိုးကို တွေ့ရပါသည်။ ဂျိတ်၊ ဂုံး၊ ဖက်လိပ်၊ ကြွေပုပ်၊ နတ်သမီးဆံထိုး၊ ရှင်မွေးလွန်းဆံထိုး၊ သပြာ၊ ဗောင်းစသည်ဖြင့် အမည်အမျိုးမျိုး ရှိပါသည်။ အဖြူ၊ အဝါ၊ အပြာ၊ အကျားစသည်ဖြင့် အသွေးအရောင်လည်း အမျိုးမျိုးရှိပါသည်။ အဝိုင်း၊ အရှည်၊ အပု၊ အချွန်စသည်ဖြင့် ပုံသဏ္ဍာန်လည်း အမျိုးမျိုးရှိပါသည်။ ယင်းခရုခွံတို့သည် နဂိုအားဖြင့် ချစ်စရာ အလွန်ကောင်းပါသည်။ သို့သော် အနုပညာလက်ဖြင့် ဖန်တီးလိုက်သောအခါ ပိုမို၍ ချစ်စရာကောင်းလာသည်ကို တွေ့ရပါသည်။

တနေ့သောအခါ လူရည်ချွန်ကလေးတို့သည် သူတို့ကောက်လာသော ခရုခွံများကို အလယ်တွင်ပုံ၍ ဝိုင်းဖွဲ့ကာ သင့်သလို သင့်သလို ဖက်စပ်၊ ကော်ကပ်၊ ဆေးရောင်ခြယ်လျက် အရုပ်ကလေးတွေ လုပ်နေသည်ကို ကျွန်တော် သတိပြုမိပါသည်။ လူရုပ်၊ ငှက်ရုပ်၊ ပန်းပွင့်၊ သစ်ပင်၊ ကျောက်ဆောင်ကလေးတွေဖြစ်အောင် သူတို့လုပ်ကြပါသည်။ ဂုံးသွားကြဲအကြီးပေါ်မှာ ဂုံးသွားကြဲအငယ်ကလေးကို ဆင့်ထပ်၍ နတ်သမီးဆံထိုးကလေးကို တပ်လိုက်သောအခါ ဒိန်ညင်းငှက်ကလေး ဖြစ်သွားသည်ကို တွေ့ရပါသည်။ ဖက်လိပ်ခရုကလေးကို မတ်တပ်ထောင်၍ ဂုံးခွံကလေး နှစ်ခု ဘေးကကပ်ကာ နှုတ်သီးကလေး တပ်လိုက်သောအခါ ဇီးကွက်ရုပ်ကလေး ဖြစ်သွားသည်ကို တွေ့ရပါသည်။ ဂုံးခွံဖြူဖြူဖွေးဖွေးကလေးတွေကို ပွင့်ဖတ်ကလေးတွေလို ပက်လက်လှန်ပြီး စီစဉ်လိုက်သောအခါ ပန်းပွင့်ကလေးတွေ ဖြစ်သွားသည်ကို တွေ့ရပါသည်။

နဂိုသဘာဝအလျောက် ချစ်စရာကောင်းပြီးသား ခရုခွံကလေးများကို ယခုကဲ့သို့ အနုပညာလက်ဖြင့် ဖန်တီးလိုက်သောအခါ ပိုမိုချစ်စရာကောင်းသော ငှက်ကလေးတွေ၊ ပန်းကလေးတွေ၊ လူကလေးတွေ၊ သစ်ပင်ကလေးတွေ၊ ကျောက်ဆောင်ကလေးတွေ ဖြစ်လာကြပါသည်။ ကဗျာဆိုသည်မှာ အဘယ်နည်းဆိုသော မေးခွန်းကို ဖြေရာမှာ ဤတွေ့ကြုံရချက်ကို ဥပမာဆောင်၍ ဖြေလိုပါသည်။ ပင်လယ်သဲသောင်တွင် ခရုခွံကလေးတွေ အနှံ့အပြားရှိသလို လူ့လောကမှာ စကားလုံးကလေးတွေ အနှံ့အပြားရှိပါသည်။ ခရုခွံကလေးတွေမှာ အသွေးအရောင်အမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုးရှိသလို စကားလုံးလေးတွေမှာလည်း အသံအမျိုးမျိုး၊ အနက်အမျိုးမျိုးရှိပါသည်။ ခရုခွံကလေးတွေ နဂိုသဘာဝအလျောက် သူ့အလှနှင့်သူ လှနေကြသလို စကားလုံးလေးတို့သည်လည်း သူ့အလှနှင့်သူ လှနေကြပါသည်။ ခရုခွံကလေးတွေကို အနုပညာလက်နှင့်သင့်လျော်သလို ဖက်စပ်ဖန်တီးလိုက်သောအခါ ငှက်ကလေးတွေ၊ ပန်းပွင့်ကလေးတွေ ဖြစ်လာသလို စကား

လုံးကလေးတွေကို အလင်္ကာလက်နှင့်ဖက်စပ် ဖန်ဆင်းလိုက်သောအခါ ကဗျာကလေးတွေဖြစ်လာပါသည်။ ထို့ကြောင့် ကဗျာဆိုသည်မှာ အဘယ်နည်းဆိုလျှင် "စကားလုံးတို့ကို သင့်လျော်အောင် ဖက်စပ် ဖွဲ့ဆိုသီကုံးထားသည့်စကားလုံး အရုပ်ကလေးတွေ" ဖြစ်ပါသည်ဟူ၍ လွယ်လွယ်ပင်ဖြေလိုပါသည်။

ဤတွင် ရှေးခေတ် ယခုခေတ် ကဗျာရှင်များ စီကုံးခဲ့သည့်ကဗျာအချို့ကို ထုတ်ဆောင်တင်ပြလိုပါသည်။ ပဌမကဗျာမှာ ယခုအခါ လူအများနှုတ်တွင် သီးနေသည့်အောက်ပါဒွေးချိုးကလေးဖြစ်ပါသည်။

ညိုပြာပြာ
လတာပြင် ခြေရင်း။
လှိုင်းတက်ရာ ဗေဒါတက်
လှိုင်းသက်ရာ ဆင်း။

လတာပြင်ဆိုသည်မှာ အောက်ပြည်အောက်ရွာ မြစ်ဝကျွန်းပေါ် ဒေသ မြစ်ထဲတွင် လျှောဆင်းနေသည့်နုံသောင်၊ နွံသောင်ကြီးများ ဖြစ်ပါသည်။ ဤလတာပြင်ပေါ် ကို ဒီလှိုင်းက ရိုက်တက်ပါသည်။ ဤဒီလှိုင်းထက်တွင် ဗေဒါပင်ကလေးတွေက စီး၍ လိုက်လာကြပါသည်။ ဤလတာပြင်၊ ဒီလှိုင်း၊ ဗေဒါဆိုသည့်အရာသုံးခုကို ဖက်စပ်၍ ကျွန်တော်တို့၏စာဆိုက ဤသုံးဦးစပ် ကဗျာကို စီကုံးလိုက်ပါသည်။

ပဌမဦးစွာ စာဆိုသည် လတာပြင်ကို ပန်းချီဆရာပမာ ညိုပြာသော အသွေးအရောင်ဖြင့် ရေးခြယ်လိုက်ပါသည်။ ထို့နောက်မှ လတာပြင်ကို အသက်သွင်းလိုသဖြင့် ခြေရင်းဆိုသောစကားကို ဆက်ထည့်လိုက်ပါသည်။ မည်ကဲ့သို့ အသက်သွင်းရာ ရောက်ပါသနည်း။ "ခြေရင်း"ဆိုသော စကားလုံးကို ဆင်ခြင်ပါ။ "ခြေရင်း"သည် အထူးသဖြင့် လူသတ္တဝါနှင့်ဆိုင်ပါသည်။ လူသတ္တဝါ လဲလျောင်းနေသောအခါ သူ၏ဦးခေါင်းထားရာအရပ်ကို ခေါင်းရင်းဟု ခေါ်ပါသည်။ သူ၏ခြေထောက်ထားရာအရပ်ကို ခြေရင်းဟု ခေါ်ပါသည်။ လူသတ္တဝါနှင့်ဆိုင်သည့်အသုံးအနှုန်းကို လတာပြင်နှင့်ကပ်၍ သုံးလိုက်ခြင်းဖြင့် လတာပြင်ကို လူသတ္တဝါသဖွယ် အသက်ရှိသယောင် ထင်မြင်လာအောင် ဖန်တီးလိုက်ခြင်းဖြစ်ပါသည်။ ဖျာလိပ်ကို ဆံစုပေါင်၊ ဘီးစိုက်၊ အင်္ကျီဝတ်၊ ထမီပတ်ပေးလိုက်သောအခါ နတ်ဝင်၍ အသက်ရှင်သယောင် ရှိလာသကဲ့သို့ ဖြစ်ပါသည်။ တဖန် ခြေရင်းဆိုသောစကားကို သုံးခြင်းဖြင့် လတာပြင်ကြီးသည် လဲလျောင်းနေသော လူပမာ ပက်လက်ကြီး ဖြစ်နေသည်ကိုလည်း ထင်စေမြင်စေပါသည်။ ဤသည်ကား ကျွန်တော်တို့၏စာဆိုသည် စကားလုံးများကို သင့်လျော်အောင် ဖက်စပ်ဖန်ဆင်း ဖွဲ့ဆိုလိုက်ခြင်း ဖြစ်ပါသည်။

တဖန် "လှိုင်းတက်ရာ ဗေဒါတက်၊ လှိုင်းသက်ရာ ဆင်း"ဆိုသည့်အပိုဒ်များကို ကြည့်ပါဦး။ လှိုင်းထက်မှာ စီးပြီးလျှင် ဗေဒါပင်ကလေးသည် လတာပြင်သို့ ပြေပြေပြစ်ပြစ် တက်သွားသည်ကို ပြလိုသဖြင့် စာဆိုသည် "လှိုင်းတက်ရာ ဗေဒါတက်"ဟူ၍ အသံတူ အနက်တူ"တက်"ဆိုသည့်

စကားကို နှစ်ကြိမ်ထပ်၍ သုံးလိုက်ပါသည်။ သို့သော် လှိုင်းကျသွား၍ ဗေဒါပင်ကလေးသည် ဒလိမ့်ခေါက်ကွေးနှင့်ဂျွမ်းထိုးကျသွားသည်ကို ထင်ပေါ်စေလိုသောအခါတွင်မူ "လှိုင်းသက်ရာဆင်း" ဟူ၍ အနက်တူသော်လည်း အသံ မတူသော"သက်"နှင့်"ဆင်း"တို့ကို ဖက်တွဲသုံးလိုက်ပါသည်။ "ဆင်း"ဆိုသည့်အသံထဲတွင် ဒီလှိုင်း၏ဝုန်းဝုန်းဒိုင်းဒိုင်း ကျသွားသံ ပါဝင်နေပါသည်။ ဤအသံကို စာဖတ်သူသည် အထူးသတိမူမိမည် မဟုတ်သော်လည်း ဤအသံ၏ အရသာကိုကား မသိမသာ ခံစားမိပါသည်။ ဥပမာအားဖြင့်ဆိုသော် ဟင်းအရသာကို မြည်းသူသည် ဆား၏အရသာကို အထူးသတိမပြုမိသော်လည်း မသိမသာတော့ ခံစားမိသကဲ့သို့ဖြစ်ပါသည်။ အကယ်၍ ဟင်းတွင် ဆားလုံးလုံးမပါလျှင်ကား လစ်ဟင်းချက်ကို ချက်ချင်း သတိပြုမိပါလိမ့်မည်။ ထိုနည်းတူစွာ ဤနေရာတွင် "ဆင်း"ဆိုသောစကားလုံးအစား အခြားပေါ်လွင်သော စကားလုံးကို သုံးလိုက်ပါလျှင် ဒီလှိုင်းသံမပါသည်ကို သတိပြုမိပါလိမ့်မည်ဖြစ်သည်။

ဤသည်ကား ဖန်ဆင်းတတ်သောစာဆိုသည် သင့်လျော်လျောက်ပတ်သော စကားလုံးတို့ကို ရွေးကောက်၍ လတာပြင်၊ ဒီလှိုင်း၊ ဗေဒါတို့၏ သုံးဦးစပ်အတ္ထုပ္ပတ်ကို ပေါ်လွင်အောင်၊ လှုပ်ရှားအောင်၊ အသက်ဝင်အောင် စာဆို့လက်နက် ကဗျာ့ပရိယာယ်တို့ကို အသုံးချလိုက်ခြင်းဖြစ်ပါသည်။

အောက်ပြည်က ကဗျာကို ထုတ်ဆောင်ပြီးနောက် အထက်ပြည်က ကဗျာတပုဒ်ကို ထုတ်ဆောင်လိုက်ပါသည်။ ယင်းကဗျာမှာ လယ်ယာစိုက်ပျိုးရေးနှင့်သက်ဆိုင်ပါသည်။ လယ်လုပ်ရန် ရေလိုပါသည်။ ရေရရန် မိုးကို တရပါသည်။ မိုးသားတို့ တမဲမဲနှင့်တက်လာ၍ တရှဲရှဲနှင့်ရွာလာပြီဆိုလျှင် လယ်သမားတို့သည် အလွန်အားရကြပါသည်။ ဝမ်းသာကြပါသည်။ ရွှင်မြူးကြပါသည်။ ဤသို့သော အခြင်းအရာတို့ကို လယ်သမားစာဆိုက ဤသို့သီဆိုစီကုံးပါသည်။

ရွှေမန်းဆို တောင်တော်ဦးက
ကျူးလာတဲ့ မိုးသံငယ်
အုန်းညံ့ခြိမ့်ကြွေး။
တာတော်ခွင်
ရေဝင်အောင် ရွှေကတွတ်ကို
မင်း လွှတ်ခဲ့လေး။

မန္တလေးတောင်ထိပ်ဆီတွင် မိုးသားတွေ ညို့ဆိုင်းပြီး လေသံမိုးသံ တခြိမ့်ခြိမ့်ညံကာ ရွာသွန်းပါတော့မည်။ လယ်ခွက်ထဲကို ရေဝင်အောင် တာရိုးမှာရှိသည့်ကတွတ်ပေါက်များကို ဖွင့်ခဲ့ပါဟူ၍ လယ်သမားအချင်းချင်း ဝမ်းသာအားရနှင့်အော်ဟစ် ပြောဆိုနေကြခြင်း ဖြစ်ပါသည်။

ဤကဗျာတွင် ကျွန်တော်အကြိုက်ဆုံးမှာ "အုန်းညံ့ခြိမ်ကြွေး"ဆိုသော စကားလေးလုံး ဖြစ်ပါသည်။ မိုးသားတို့ အင်တိုက်အားတိုက် တက်လာပုံ၊ မိုးသံတွေ အင်တိုက်အားတိုက် မြည်လာပုံ၊ မိုးရေတွေ အင်တိုက်အားတိုက် ကျလာမည့်ပုံတို့ကို ပေါ်လွင်စေလိုသဖြင့် စာဆိုသည် အနက်

တူ အသံကွဲ စာလုံးလေးလုံးကို စုပေါင်းဆင့်ထပ်ကာ ရေးလိုက်ပါသည်။ ဤစာလုံးတို့တွင် ဆူညံသောအနက်သာလျှင် ရှိသည်မဟုတ်။ ဆူညံသောအသံသည်လည်း ရှိပါသည်။ အုန်းအုန်း–ညံညံ–ခြိမ့်ခြိမ့်–ကြွေးကြွေးဆိုသောအသံတို့ကို ဆိုကြည့်ပါ။ အနက်ကို မသိသူပင် ဆူညံသောသဘောကို နားလည်လိမ့်မည် ဖြစ်ပါသည်။

တတိယထုတ်ဆောင်လိုသော ကဗျာမှာ အောက်ကဗျာလည်း မဟုတ်။ အထက်ကဗျာလည်း မဟုတ်။ ရောဝတီမြစ်ရိုးတွင် စုန်ကာ ဆန်ကာ လူးလာနေသောကဗျာဖြစ်ပါသည်။

ဦးကော့လို့ ပဲထောင်
ကုန်လှော်လို့ လူစီး။
ထိုးဝါးကို ကိုင်
ကြိုးဆွဲသူ တယိုင်ယိုင်နဲ့
ရွက်တိုင်ကို လေမသိမ်းတယ်
ပိန်းကောမကြီး။

အညာကလူတွေ အောက်ပြည်က ငါးပိ ငါးခြောက်တွေ စားရအောင်၊ အောက်ပြည်ကလူတွေက အညာက ငရုတ်၊ ကြက်သွန်တွေ စားရအောင် ပခုံးအပြုပြု ကြောကုန်းအကွဲကွဲနှင့်ထိုးဝါးထိုး ကြိုးဆွဲပြီး လှေလိုက်နေသည့်လှေသမားတို့၏ဘဝကို သရုပ်ဖော်ထားသည့်ကဗျာဖြစ်ပါသည်။ လေမတိုက်သဖြင့် ရွက်တိုင်ပေါ်တွင် ပျင်းရိပျင်းတွဲနှင့် ယီးလေးခိုနေသောရွက်ကြီးက ငြိမ်သက်နေသလောက် လှေသမားများမှာ တရုန်းရုန်း တကန်ကန်နှင့်ဒုက္ခရောက်နေကြပုံကို ကွက်ကွက်ကွင်းကွင်း ပေါ်အောင် စာဆိုသည် သင့်လျော်သည့်စာလုံးကလေးတွေကို ဖက်စပ်ဖန်ဆင်းထားသည်မှာ သတိပြုဖွယ် ကဗျာ့အင်္ဂါတရပ်ဖြစ်ပါသည်။

ဤမျှဖြင့် ကဗျာဆိုသည်မှာ အဘယ်နည်း။ ကဗျာဆိုသည်မှာ စကားလုံးတို့ကို သင့်လျော်အောင် ဖက်စပ်ဖန်ဆင်း ဖွဲ့ဆိုသီကုံးထားသည့်စကားလုံးအရုပ်ကလေးတွေ ဖြစ်ပါသည်ဟူ၍ လွယ်လွယ်ပင် ဖြေလိုပါသတည်း။ ။